# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e - paper ဖတ်ရှုရန်


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ)ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ သောကြာနေ့။ Friday, 14 August 2026 ၁၂၂၇၀


# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ

**အနာဂတ်အသစ် 5G ခေတ်သို့ ...**

ဆောင်းပါး စာမျက်နှာ » ၆

**ပြည်သူတွေကို အကြံပြုချင်တာက တစ်ကိုယ်ရေကျန်းမာရေးကို ဂရုစိုက်ဖို့၊ လတ်တလောမှာ ရေကို ကျိုချက်သောက်သုံးဖို့၊ ယင်နားစာတွေ မစားဖို့နဲ့ ခုခံအားကောင်းမွန်အောင် ပြုမူနေထိုင်ဖို့ အကြံပြုလိုပါတယ် ခင်ဗျာ**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

## အမျိုးသားပြတိုက်(ရန်ကုန်)သို့ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို လေ့လာသိရှိရန်၊ အမျိုးသားရေးအသိစိတ်နှင့် မိမိနိုင်ငံ၏ အမွေအနှစ်များအပေါ် တန်ဖိုးထားထိန်းသိမ်းလိုစိတ် တိုးပွားစေရန်၊ အနာဂတ်မျိုးဆက်များအတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် အသိပညာရရှိစေရန်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○



## စစ်ကိုင်းခရိုင်အတွင်း ဝါသီးနှံမျိုး ၃၇၆၉၆ ဧက လျာထားစိုက်ပျိုးလျက်ရှိ

မုံရွာ ဩဂုတ် ၁၃

စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ရွှေတောင်-၈၊ ရွှေတောင်-၁၀ နှင့် ရာကာ ဝါသီးနှံမျိုး ၃၇၆၉၆ ဧက လျာထား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



## အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၃

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၆ ရက်အတွင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳




ကြေးမုံ

# မျိုးဆက်သစ်လူငယ်စွမ်းပကားများဖြင့် ကောင်းမွန်သည့်အနာဂတ်ဖော်ဆောင်

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေစုစုပေါင်း ၅၁ ဒသမ ၃၇ သန်းကျော်အနက် ၁၆ ဒသမ ၇၈ သန်းခန့်သည် လူငယ်လူရွယ်များဖြစ်သည်။ မြန်မာနိုင်ငံသည် လူငယ်အင်အား အများအပြားပိုင်ဆိုင်ထားပြီး အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် ၈ ဒသမ ၄ သန်းကျော်၊ နိုင်ငံလူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော် ပါဝင်လျက်ရှိသည်။ ၎င်းအရွယ်လူငယ်များသည် အသိဉာဏ်ပညာ မြင့်မားခိုင်ကျည်အောင် ကြိုးပမ်းဆောင်ရွက်နေသည့်အရွယ်ဖြစ်၍ အဆိုပါလူငယ်များကို မြှင့်တင်ပျိုးထောင် အားပေးကူညီကြရမည်ဖြစ်သည်။

နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "မျိုးဆက်သစ်လူငယ်အင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ပုံဖော်သည့်နေရာတွင်လည်း အဓိကမောင်းနှင်အားများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့် ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးကြောင်း"ပြောကြားခဲ့သည်။

ယနေ့ကမ္ဘာကြီးတွင် လျင်မြန်စွာတိုးတက်ပြောင်းလဲမှုများနှင့်အတူ နယ်ပယ်ကဏ္ဍအသီးသီးတွင် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ စိန်ခေါ်မှုများကိုဖြေရှင်းရာတွင် မျိုးဆက်သစ်လူငယ်များ၏ တက်ကြွသည့် ပေါင်းစည်းအား၊ အခက်အခဲကို အခွင့်အလမ်းအဖြစ် အသွင်ပြောင်းလဲနိုင်မှုအရည်အသွေးနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုများသည် အဓိကမောင်းနှင်အားများပင်ဖြစ်သည်။ အနာဂတ်အတွက် အရေးပါသည့်စွမ်းအားစုများဖြစ်သည့် လူငယ်များ၏ ရည်မှန်းချက်များနှင့် အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်ရန်နှင့် လူငယ်များကြုံတွေ့နေရသည့်အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ထိရောက်သည့်ပံ့ပိုးကူညီမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျဆောင်ရွက်ပေးနိုင်ရေးသည် အလွန်အရေးကြီးသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဆောင်ပုဒ်သည် "နောက်ခံမတူငြား၊ ရည်မှန်းချက်တူထား၊ လူငယ်အား"အဖြစ် ရွေးချယ်သတ်မှတ်ထားသည်။ လူငယ်များနေထိုင်ရာ နိုင်ငံနယ်နိမိတ်များ၊ အဆင့်အတန်းများ သို့မဟုတ် နောက်ခံအခြေအနေအကြောင်းအရာများ မတူကွဲပြားစေကာမူ လူငယ်အသီးသီး၏ ဂုဏ်သိက္ခာများ၊ အခွင့်အရေးများ၊ ပူးပေါင်းပါဝင်ခွင့်များကို မြှင့်တင်ပေးနိုင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသည့် အနာဂတ်ကိုဖန်တီးရေးသည် လူငယ်များ၏ တူညီသောမျှော်မှန်းချက်များအဖြစ် တည်ရှိနေသည်ကို ယခုဆောင်ပုဒ်က မီးမောင်းထိုးဖော်ပြလျက်ရှိသည်။ အဆိုပါအချက်ကို ပံ့ပိုးကူညီဖြည့်ဆည်းပေးရန်နှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် လူငယ်တစ်ဦးတစ်ယောက်၏ စွမ်းအားကို နောက်ကျကျန်မနေစေရန် နိုင်ငံတော်သမ္မတက အလေးထားတိုက်တွန်းထားသည်။

ယနေ့ခေတ်တွင်နည်းပညာများ တိုးတက်လာမှုနှင့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှု အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်အားကောင်းလာသည်ကို တွေ့ရသည်။ လူငယ်များသည် ခေတ်မီနည်းပညာနှင့် ဒီဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်စွမ်းရှိပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းကာ အပြုသဘောဆောင်သည့်ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်ကြသူများဖြစ်သည်။ ဒီဂျစ်တယ်ကမ္ဘာတွင် သတင်းအချက်အလက်များ လျင်မြန်စွာစီးဆင်းနေမှုနှင့်အတူ တိုးတက်မှုများရှိသကဲ့သို့ ဖြေရှင်းဆောင်ရွက်ရမည့် စိန်ခေါ်မှုများစွာလည်းရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ နည်းပညာကိုအသုံးပြုရာတွင် အမှားအမှန်ကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် ဝေဖန်ပိုင်းခြားမှုရှိရန်၊ AI အသုံးပြုမှုကျင့်ဝတ်၊ ဆိုက်ဘာလုံခြုံရေးတို့ကို သတိထားရန်လိုသည်။ နိုင်ငံနှင့်လူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်များကို ထိခိုက်စေသည့်လုပ်ရပ်များကို ရှောင်ကြဉ်ပြီး တာဝန်သိသည့် ဒီဂျစ်တယ်လူငယ်များအဖြစ် ရပ်တည်နိုင်ရန် လိုအပ်သည်။

တွေးခေါ်ဆင်ခြင်တီထွင်နိုင်စွမ်းရှိသည့် လူငယ်လူရွယ်များကို အကောင်းအဆိုး အကြောင်းအကျိုး ခွဲခြားသိမြင်ကာ နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်စွမ်းရှိသည့် လူငယ်များဖြစ်အောင် လမ်းမှန်ညွှန်ပြတည့်မတ် ကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်။ ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာကြီး၏ အသိုက်အဝန်းနှင့် လျော်ညီအောင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်ရန်လည်း အလွန်အရေးကြီးသည်။ လူငယ်များအနေဖြင့် ခေတ်မီနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချပြီး မိမိနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့စရိုက်ကိုတန်ဖိုးထားကာ နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အဆင့်အတန်းကို ကမ္ဘာကသိအောင် မြှင့်တင်ပေးနိုင်သည့်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့် လူငယ်များဖြစ်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၆၂ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်

( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် )

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်မှူးကြီး စိုးရန်နောင် အား ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာ ဥမ္မာစံ ကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (၁၃-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၅ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၇.၃ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၇၈၅,၁၃၃.၇၄ | ၃,၆၂၅,၇၂၆.၅၆ | ၇၀,၄၇၄,၉၉၃.၅၆ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၀၀၀ | ၁,၂၅၁ | ၂၂,၅၂၀,၅၀၀ |
| MTSH | ၈,၇၀၀ | ၈,၇၀၀ | ၇ | ၆၀,၉၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၀ | ၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၁,၈၄၂ | ၁၂,၅၆၀,၁၀၀ |
| TMH | ၃,၅၅၀ | ၃,၅၅၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၁,၁၄၅ | ၂,၂၆၅,၀၀၀ |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၁ | ၄,၂၀၀ |
| MAEX | ၆,၆၀၀ | ၆,၈၀၀ | ၆၀၀ | ၄,၀၀၉,၀၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၁,၅၀၁ | ၉,၄၅၆,၃၀၀ |
| ASPGB(PLB) | ၆,၉၀၀ | ၇,၀၀၀ | ၁၄,၂၇၆ | ၉၉,၁၁၆,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးခြင်းနှင့် အမျိုးသားယဉ်ကျေးမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အလွန်အရေးပါသည့် အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များထဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်ကြောင်း။

**လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်နိုင်ရန်ဆောင်ရွက်**

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှု ကူးလူးယှက်နွယ်ဖလှယ်မှုများသည် အရှိန်အဟုန် မြင့်တက်လာသည်နှင့်အမျှ မိမိတို့၏ မူရင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ဖော်ထုတ် မြှင့်တင်ခြင်းတို့အပြင် မျိုးဆက်သစ်များ စိတ်ပါဝင်စားလာစေပြီး လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်အနုပညာရှင်များ ဖော်ထုတ်ပေးနိုင်ရန်၊ ရိုးရာအနုပညာရပ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏ အမျိုးသားရေး ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ရန် စသည်တို့အတွက် အရေးပါသည့် အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ဖြစ်ကြောင်း။

ယခုကျင်းပမည့် (၂၇)ကြိမ်မြောက် ပြိုင်ပွဲသည် ယခင်ကျင်းပခဲ့သည့် ပြိုင်ပွဲများ၏ ကောင်းမွန်သော အတွေ့အကြုံများကို အခြေခံပြီး ပိုမိုစနစ်ကျနစွာဖြင့် အရည်အသွေးရှိရှိ ကျင်းပနိုင်ရေး ရည်မှန်းထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတိကျစွာ ချမှတ်ဆောင်ရွက်ရန်၊ အကဲဖြတ်မှုများကို မျှတပွင့်လင်းပြီး ပညာရှင်ဆန်စွာဆောင်ရွက်နိုင်ရန်နှင့် ပြိုင်ပွဲဝင်များ၏ အရည်အချင်းကို မှန်ကန်စွာ သုံးသပ်အကဲဖြတ်နိုင်ရန် အထူးဂရုပြုဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊ အနုပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူစွာဖော်ဆောင်နိုင်ရေးတို့အတွက် အစဉ်တစိုက် အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုကျင်းပမည့်ပြိုင်ပွဲကိုလည်း အမျိုးသားစည်းလုံးညီညွတ်မှု၊ ယဉ်ကျေးမှုဂုဏ်သိက္ခာနှင့် မြန်မာ့အနုပညာ အစဉ်အလာများကို ပိုမိုထင်ဟပ်ဖော်ဆောင်ပြီး အောင်မြင်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်လာစေရေးအတွက် အားလုံးက စိတ်ရင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ၊ လိုအပ်သည့် ကြိုတင်ပြင်ဆင် ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်နိုင်ရန်သာမက ဗဟိုအဆင့်ကျင်းပသည့် ယခုပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံသားများ၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများ အနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးတင်ပြပေးကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြိုင်ပွဲကျင်းပသွားမည့် လုပ်ငန်းအစီအမံများနှင့် ဆုများပေးအပ်ချီးမြှင့်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး H.E. Mr. Nguyen Anh Duc အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံပြီး အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာတည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တည်ထောင်ထားရှိသည့် ယန္တရားများ ပြန်လည်စတင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ- ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာ – ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပြင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ရန်ကုန်မြို့အခြေစိုက် ဗီယက်နမ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ (၁၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

ဥပဒေဘာသာပြန် ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဥပဒေရေးရာဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြန်မာဘာသာသို့ ပြန်ဆိုပြီးဖြစ်သည့် The Public Servants Inquiries Act၊ The Usurious Loans Act၊ The Myanmar Carriage of Goods by Sea Act နှင့် The Evidence Act တို့ကို ဆွေးနွေး အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။



အစည်းအဝေးတွင် ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်ဒေါက်တာသီတာဦးကအင်္ဂလိပ်ကိုလိုနီလက်ထက်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် ဥပဒေဘာသာပြန်ကော်မရှင်က ဘာသာပြန်ဆိုရန် တာဝန်ရှိသည့် ဥပဒေစုစုပေါင်း ၁၃၇ ခုရှိကြောင်း၊ ဘာသာပြန်ဆိုရန် မလိုအပ်တော့သည့် ဥပဒေ ၅၆ ခု ရှိသဖြင့် ဘာသာပြန်ဆိုရမည့် ဥပဒေစုစုပေါင်း ၈၁ ခုရှိကြောင်း၊ ထိုဥပဒေများအနက်မှ ဥပဒေ ၅၉ ခုကို မြန်မာဘာသာပြန်ဆိုကာ အတည်ပြု ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အဆိုပါဘာသာပြန်ဆိုမှုများသည် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသည့် ဥပဒေကဲ့သို့ တရားဝင်အတည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲဥပဒေ ၂၂ ခု အနက်မှ ၁၈ ခုကို ဘာသာပြန်ဆိုပြီးစီးပြီဖြစ်ပြီး လေးခုမှာ ဘာသာပြန်ဆိုဆဲဖြစ်ကြောင်း၊ ဥပဒေ ၃၃ ရပ်ကို မြန်မာဘာသာပြန်ဆိုအတည်ပြုခဲ့ပြီး ဥပဒေဘာသာပြန်စာအုပ်အမှတ် (၉)မှ (၁၆)အထိ စာအုပ်ရှစ်အုပ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း၊ ယခင် (၁၇) ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုခဲ့သော ဥပဒေ ငါးခုကို စာအုပ်အမှတ် (၁၇)အဖြစ် မကြာမီ ပုံနှိပ်ထုတ်ဝေနိုင်တော့မည်ဖြစ်ကြောင်း၊ ဘာသာပြန်ဆိုချက်များ ဆီလျော်မှန်ကန်မှုရှိစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးကို ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ ၂ ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များ စုံလင်စွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၁/၂၀၂၆-၂၀၂၇) ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုအခြေအနေ၊ ယှဉ်ပြိုင်မှု ဥပဒေပါပြဋ္ဌာန်းချက်များ ခိုင်မာအားကောင်းစေရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှု၊ ဒီဂျစ်တယ်ဈေးကွက်နှင့် ဆက်စပ်သည့်ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၁/၂၀၂၆-၂၀၂၇)တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

**ပြောကြား**



အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံကယှဉ်ပြိုင်မှု ဥပဒေအကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုထိရောက်စေရေးအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ တိုင်ကြားမှုများအား ဥပဒေနှင့်အညီ စနစ်တကျစိစစ်ဖြေရှင်းဆောင်ရွက်ရေးနှင့် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာ အသိပညာများ ပိုမိုသိရှိနားလည်လာစေရေးနှင့် တရားမျှတသော ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်တွင် ပါဝင်ဆောင်ရွက်နိုင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒီဂျစ်တယ်ဈေးကွက်စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ နိုင်ငံတကာအတွေ့အကြုံများနှင့် အကောင်းဆုံးအလေ့အကျင့်များကို လေ့လာအသုံးချ၍ မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များကို အချိန်နှင့်အမျှ ပြန်လည်သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍လည်း ယှဉ်ပြိုင်မှုဥပဒေပါ ပြဋ္ဌာန်းချက်များကို ခိုင်မာအားကောင်းစေရေး ဆောင်ရွက်ရန်ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **စစ်ကိုင်းမှ**

ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ စစ်ကိုင်းခရိုင် နတ်ခရိုင်ကျေးရွာရှိ တောင်သူ ဦးဆန်းမင်းထွန်း၏ ရာကာ (၆၆၆) မျိုး ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်ကို သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ သွားရောက်စဉ် ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများနှင့်တွေ့ဆုံပြီး ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးသွားရေး၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲသွားရေးနှင့် ဝါခူးဆွတ်ချိန်တွင် လေလွင့်မှု မရှိအောင် စနစ်တကျခူးဆွတ်သွားရေး၊ စိုက်ပျိုးရေရရှိရေး၊ လယ်ယာသုံးစက်မောင်းဆီများရရှိရေး၊ ဓာတ်မြေဩဇာရရှိရေးနှင့် နည်းပညာအကူအညီများ ရရှိစေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ထို့ပြင် စစ်ကိုင်းစက်မှုဇုန်ရှိ တစ်ရက်လျှင် ၂/၃၂ ချည်လုံး ၂၂ ပေါင်အိတ် ၄၅ အိတ် ထုတ်လုပ်နေသည့် အောင်စိန် ချည်မျှင်စက်ရုံ၊ စစ်ကိုင်းမြို့နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နန်းဦးမြို့သစ်ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာတည်ဆောက်ရေး လုပ်ငန်းခွင်၊ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝ ရှောင်ကြဉ်ကြပါစို့**

# ကချင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားနှင့် နမ္မတီးမြို့ရှိ ယာယီတိမ်းရှောင်စခန်းနေ မိသားစုများအား ထောက်ပံ့

**မြစ်ကြီးနား ဩဂုတ် ၁၃**

၂၀၂၆ ခုနှစ် ကချင်ပြည်နယ်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များကို မိခင်နို့စနစ်တကျတိုက်ကျွေးရေး၊ အသက်ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရက်သတ္တပတ်များအဖြစ် ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသက် (၅)နှစ်အောက်ကလေးများအား အင်အားပြည့် ဗီတာမင်အေဆေးလုံးများနှင့် သန်ချဆေးများကို တိုက်ကျွေးပေးကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဗီတာမင် ဘီဝမ်းဆေးပြားများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာအောင်ဝင်းက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များကို ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် လှုပ်ရှားဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် တိုက်ကျွေးမည့် အာဟာရဓာတ်များအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြပြီး ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် ဗီဒီယိုကလစ်



ဖွင့်လှစ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ဝိုင်းမော်မြို့ ရပ်ကွက် (၁) ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ လမင်းစီမံချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ် ၅၀၀ ကျော်နှင့် UID များကို ကျောင်းသားကျောင်းသူများထံသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်၍ One Stop Service ဖြင့် ပြုလုပ်ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့အပြင် ယမန်နေ့ ညနေပိုင်းကလည်း နမ္မတီးမြို့ မြို့လှ KBC ယာယီတိမ်းရှောင်စခန်းသို့ သွားရောက်ပြီး နမ္မတီးမြို့ပေါ်ရှိ အဆိုပါစခန်းနှင့် RC စခန်းတို့မှ အိမ်ထောင်စုများအတွက် လိုအပ်ချက်ဖြစ်ပေါ်သည့်နေရာများတွင် ပြင်ဆင်ဆောင်ရွက်နိုင်ရေး စခန်းတစ်ခုလျှင် ငွေကျပ်သိန်း ၅၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

✻ အားကောင်းသောမှ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် – ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ မိုးကြီးမည့် သတိပေးချက်နှင့်ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန် ပေးပို့တင်ပြသွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**မိုး/ဇလ**

❍ အမျိုးသားပြတိုက်မှ

စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် အမျိုးသားပြတိုက်သို့ ကျောင်းသားကျောင်းသူများ လာရောက်လေ့လာနိုင်ရေး စီစဉ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျောင်းသားကျောင်းသူများသည် အမျိုးသားပြတိုက်(ရန်ကုန်)သို့ လာရောက်လေ့လာကြသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အထက(မြို့မ)မှ ကျောင်းသား ကျောင်းသူ ၁၀၀ တို့သည် ပြတိုက်အတွင်း စိတ်ဝင်တစားလှည့်လည်ကြည့်ရှုကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြသည်။ အဆိုပါ အမျိုးသားပြတိုက်(ရန်ကုန်)သို့ ရန်ကုန်တိုင်းဒေသကြီး ခရိုင် ၁၄ ခရိုင်အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၄၄၀၀ အား ဩဂုတ်လမှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလအထိ လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား တစ်ပတ်စာဆန်ရိက္ခာဖိုးငွေ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ကြက်ဥ ထောက်ပံ့ပေးအပ်



**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တလင်းကြီးကျေးရွာအုပ်စု ဝဲကြီးဆင်ရွာကျေးရွာ ယာယီ ရေဘေးရှောင်စခန်းရှိ ရေဘေးသင့်အိမ်ထောင်စု ၂၉၅ စု၊ လူဦးရေ ၉၅၀ အတွက် ငွေကျပ် ၇၈ သိန်းတန်ဖိုးရှိ တစ်ပတ်စာဆန်ရိက္ခာဖိုးငွေ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ကြက်ဥတို့ကို ထောက်ပံ့ပေးအပ်သည်။

**အားပေးစကား ပြောကြား**

အဆိုပါ ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ တွေ့ဆုံအားပေးစကား ပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလျက်ရှိပြီး သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုလျော့နည်းစေရေး အဓိကဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုရေဘေးသင့်ဒေသတွင် နှစ်စဉ်ရေလွှမ်းမိုးလေ့ရှိသည့်အတွက် ဒေသနေပြည်သူများအနေဖြင့် အတွေ့အကြုံအထိုက်အလျောက်ရှိပြီး ကြိုတင်ပြင်ဆင်မှု အသင့်ရှိသောကြောင့် အသက်ဆုံးရှုံးမှု မရှိခြင်းဖြစ်ကြောင်း၊ သို့သော် ယခင်နှစ်များကထက် ရေလွှမ်းမိုးမှုပမာဏ ပိုမိုနေသည့်အတွက် စခန်းများတွင် နေထိုင်သည့်ကာလ အနည်းငယ်ကြာမြင့်နိုင်ပါကြောင်း၊ ရေကြီးရေလျှံမှုနှင့် ဆက်စပ်ကြုံတွေ့ရလေ့ရှိသော ဝမ်းပျက်ဝမ်းလျှော အပါအဝင် အခြားသောရောဂါအန္တရာယ်များမဖြစ်စေရေး အထူးသတိပြု ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်အကူအညီများ ဆက်လက်ပံ့ပိုးပေးသွားမည်

**ပုသိမ် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးမှ ရေဘေးသင့် ပြည်သူများအတွက် လိုအပ်သည့် အကူအညီများကို တတ်နိုင်သမျှ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအနေဖြင့် ရင်ဆိုင်နေရသည့်အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်းဖေးမကူညီကာ အတူတကွကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာ ပြည်သူများနှင့် တွေ့ဆုံစဉ် အားပေးစကားပြောကြားသည်။

အဆိုပါကျေးရွာပြည်သူများနှင့် တွေ့ဆုံစဉ် ဆန်ရိက္ခာ၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ပြည်သူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အားပေးစကား ပြောကြားကြပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး၊ အစာအဆိပ်သင့်မှု မဖြစ်စေရေး၊ မြွေအန္တရာယ် ကာကွယ်ရေးနှင့် တုပ်ကွေးကာကွယ်ဆေး ထိုးပေးမည့်အစီအစဉ်များကို အသိပညာပေး ဆွေးနွေးကာ လေးမျက်နှာမြို့နယ်ပညာရေးဌာနမိသားစုများနှင့် ရေဘေးသင့်ပြည်သူများအတွက် အင်္ဂပူမြို့နယ် ပညာရေးဌာန မိသားစုများက တာဝန်ရှိသူများထံ အလှူငွေများပေးအပ်ကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လေးမျက်နှာမြို့နယ် မိဿလင်ကုန်းကျေးရွာ ပြည်သူများအတွက် ဆန်ရိက္ခာ၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ဟင်္သာတမြို့နယ် နိဗ္ဗာန်စံပြကျေးရွာရှိ အမျိုးသားပညာဝန်ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံ စာကြည့်တိုက်တွင် ဦးဖိုးကျား၏ စာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် ပြည်သူများ စာအုပ်ငှားရမ်းဖတ်ရှုမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ခရီးစဉ်အတွင်း လေးမျက်နှာမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက် ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေး ဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယနေ့မွန်းလွဲ ၁ နာရီတွင် Myanmar New Power Investment Group Company Limited က ငွေကျပ်သိန်း ၂၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပညာ
ရွှေအိုး
လူ မခိုး

ပညာရဲရင့်
ပွဲလယ်တင့်

# အနာဂတ်အသစ် 5G ခေတ်သို့ ...

မောင်ဖိုးသား

ဒီနေ့မှ မိုးကပိုရွာနေတယ်။ ကောင်းကင်တစ်ခုလုံးက အုံ့မှိုင်းပြီး အချိန်မတိုင်ခင် မိုးချုပ်နေသလို ...။ လုပ်လက်စအလုပ်တွေကို လက်စသတ်ပြီး ဖယ်ရီမီအောင် လမ်း ၄၀ ထိပ်ကို အမြန်ပြေးရတယ်။ ဖယ်ရီစီးလာရင်း လမ်းတစ်လျှောက်မှာ ဘတ်စ်ကားတွေကို ကြည့်မိတယ်။ ညနေဘက် ရုံးဆင်းချိန်ဖြစ်တော့ ဘတ်စ်ကားပေါ်မှာ လူတွေက ပြည့်ကျပ်နေတာပါပဲ။ ကိုယ်အလုပ်လုပ်တဲ့ရုံးက ဖယ်ရီတွေ စီစဉ်ပေးထားတာကို ရင်ထဲကနေ ကျေးဇူးအထပ်ထပ် တင်မိတယ်။

အိမ်အပြန်လမ်းက ကျွန်တော်နေထိုင်တဲ့ လှိုင်မြို့နယ်အထိ ရောက်ဖို့ဆိုရင် တော်တော်လိုသေးတာမို့ အိမ်ကို ဖုန်းနဲ့လှမ်းကြည့်လိုက်ပါတယ်။ အိမ်မှာက ညီလေးနဲ့ ညီမလေး ကျောင်းသွားရင် အမေတစ်ယောက်တည်းမို့ စိတ်မချတာနဲ့ CCTV တပ်ထားရပါတယ်။ နေ့လယ်ခင်း ထမင်းစားနားချိန်မှာလည်း အိမ်ကိုလှမ်းကြည့်ရပါတယ်။ အင်တာနက်နဲ့ ချိတ်ထားတာဆိုတော့ ဖုန်းကနေ အချိန်မရွေးကြည့်နိုင်တာပေါ့။

အခုကြည့်လိုက်တဲ့အခါ အမေက သူထိုင်နေကျထိုင်ခုံလေးမှာပဲထိုင်ပြီး ကျောင်းဆင်းလို့ အိမ်ပြန်ရောက်နေပြီဖြစ်တဲ့ ကလေးတွေနဲ့ စကားပြောနေတာတွေ့ရတယ်။ ဒီမြင်ကွင်းကို တစ်ယောက်တည်း ပြုံးပြုံးကြီး ကြည့်နေမိပြီးတော့ ဖုန်းကိုခဏပိတ်ပြီး ဟိုငေး ဒီငေး ငေးနေရင်း တစ်ချိန်က ဖုန်းတစ်ခါဆက်ဖို့အရေး ဘယ်လိုတွေခက်ခဲခဲ့တယ်ဆိုတဲ့ အတွေးဘက်ရောက်သွားတယ်။

အခုလို မိုဘိုင်းဒေတာလေးဖွင့်ပြီး ကမ္ဘာပတ်ကြည့်ဖို့ဆိုတာ အရင်ကတော့ စိတ်ကူးယဉ်သက်သက်လိုပါပဲ။ ကျွန်တော်တို့ငယ်ငယ်ကတော့ ကြိုးဖုန်းတွေပဲသုံးခဲ့ရတယ်။ ကြိုးဖုန်းခေတ်ကနေ ကြိုးမဲ့ဖုန်းခေတ်ရောက်ခဲ့တယ်။ အခုတော့ ... 1G ကနေစလို့ 5G ခေတ်တောင် ရောက်လာပါပြီ။ ဖုန်းပဲပြောလို့ရတဲ့ခေတ်ကနေ စာတိုတွေပို့လို့ရတဲ့ခေတ်၊ အင်တာနက်စသုံးလို့ရတဲ့ခေတ် ... အဲဒီကနေ အသံမက်ဆေ့တွေပို့လို့ရတဲ့ခေတ်၊ အင်တာနက်မြန်နှုန်းတွေ ပိုမြင့်လာတဲ့ခေတ် ...။

ဖုန်းသုံးလိုက်၊ တွေးလိုက်နဲ့ ကျွန်တော်ဆင်းရမယ့် သီရိမြိုင်လမ်းထိပ်ကို ရောက်ပါပြီ။ အမေမှာထားတဲ့ဆေးတွေ လိုက်ရှာဝယ်ရတယ်။ ရှာနေတဲ့ဆေးတွေ့တော့ Online Payment နဲ့ပဲ ငွေပေးချေလိုက်တယ်။ ညီလေးနဲ့ ညီမလေးအတွက်ပါ မုန့်တွေဝယ်ဖို့ Mini-Mart တစ်ခုထဲဝင်လိုက်တယ်။ သူတို့ကြိုက်တတ်တာလေးတွေ ရွေးချယ်ပြီး ကောင်တာမှာ Online Payment နဲ့ထပ်ပြီး ငွေပေးချေလိုက်တယ်။ လိုအပ်တာတွေ ဝယ်ပြီးတော့မှ အိမ်ပေါ်ကို တက်လာခဲ့လိုက်တယ်။ ကျွန်တော်တို့ မိသားစုနေထိုင်တဲ့ ၅ လွှာကိုရောက်တော့ ...

"ညီလေးရေ ... ညီမလေးရေ ... ကိုကြီး ပြန်လာပြီ"

"ကိုကြီး ဘာမုန့်တွေပါလဲ"လို့မေးရင်း ညီမလေးက ခပ်သွက်သွက်လေးရောက်လာပြီး တံခါးလာဖွင့်ပေးတယ်။ ညီလေးပါ ရောက်လာပြီး ကျောပိုးအိတ်ကို လှမ်းယူတယ်။ ညီမလေးလက်ထဲကို ဝယ်လာတဲ့မုန့်လှမ်းပေးပြီး အိမ်တံခါးကို သော့ခတ်လိုက်တယ်။

အိမ်ထဲဝင်လာပြီး နောက်ဖေးဘက်ကို လှမ်းကြည့်တော့ အမေ့ကိုတွေ့တာနဲ့ ...

"အမေ ... ဘာတွေလုပ်နေတာလဲ"

အမေက ကျွန်တော့်ကိုလှမ်းပြုံးပြရင်း "သားအတွက် ဟင်းတွေပြန်နွှေးနေတာ"လို့ ပြန်ဖြေတယ်။

"ထားလိုက်ပါ အမေရာ၊ သား ဒီအတိုင်းပဲ စားလိုက်ပါမယ်။ ဒီမှာ အမေ့အတွက် ဆေးတွေ ဝယ်လာတယ်"




အမေ့ကို ဆေးထုပ်လှမ်းပေးပြီး အမေ့ရဲ့ လုပ်လက်စအလုပ်တွေကို ကျွန်တော် လက်စသတ်လိုက်တယ်။ ပြီးတော့ အဝတ်အစားလဲ၊ ခြေလက်ဆေးပြီး ...

"အမေတို့ စားပြီးကြပြီလား"

"စားပြီးပြီ သား ...။ သားတစ်ယောက်ပဲ ကျန်တာ ..."

ကျွန်တော်က ထမင်းခူးပြီး ဟင်းတွေကို ပန်းကန်ထဲပဲ ပုံထည့်လိုက်တယ်။ အိမ်ရှေ့ကို ရောက်တော့ အမေက ကျွန်တော်ဝယ်လာတဲ့ ဆေးတွေကို စစ်ဆေးနေပြီး ညီလေးနဲ့ ညီမလေးက မုန့်တွေဖောက်စားနေကြပြီ။

"ဒီနေ့ ကျောင်းမှာ အဆင်ပြေကြလားဟေ့ ...။ စာတွေရော လိုက်နိုင်ကြရဲ့လား ..."

ညီလေးနဲ့ ညီမလေးက သူတို့စာလိုက်နိုင်တဲ့ အကြောင်းတွေ အလုအယက်ဖြေကြတယ်။ ထမင်းစားရင်း မိသားစုနဲ့စကားပြောရတာဟာ ကျွန်တော့်အတွက် အပန်းဖြေနည်းတစ်မျိုးပါပဲ။ ကျွန်တော့်အတွက် အမောပြေလေးတွေပေါ့ ...။

ကျွန်တော်တို့မိသားစုမှာက အမေရယ်၊ ကျွန်တော်ရယ်၊ ညီလေးနဲ့ ညီမလေးရယ် လေးယောက်ပဲရှိပါတယ်။ အမေက ဆီးချို၊ သွေးတိုး၊ နှလုံး စတဲ့ ရောဂါအစုံနဲ့ဆိုတော့ တစ်လ၊ တစ်လ အမေ့ဆေးဖိုး၊ ကလေးတွေကလည်း Grade-8 တစ်ယောက်၊ Grade-10 တစ်ယောက်ဆိုတော့ သူတို့အတွက် အသုံးစရိတ်ရှာရတာက လွယ်တော့ မလွယ် ...။ ဒါပေမဲ့လည်း လောက်ငအောင်တော့ စေ့စေ့စပ်စပ်လုပ်ရပါတယ်။ တစ်အိမ်လုံးရဲ့တာဝန်ကို ကျွန်တော်ကပဲ ထမ်းထားရတော့ ကျွန်တော့်အနေနဲ့လည်း အပိုသုံးမိတာမျိုးမရှိအောင် နေထိုင်ရပါတယ်။

"ကိုကြီး ... ကျောင်းမှာလေ သူငယ်ချင်းတွေက 4G တွေ 5G တွေအကြောင်း သားကို မေးတယ်။ ကိုကြီးက ဆက်သွယ်ရေးဝန်ထမ်းဖြစ်ပြီး မင်းက ဘာလို့မသိတာလဲ ... တဲ့"

ကျွန်တော် ထမင်းစားနေချိန်မှာပဲ ညီလေးက ကောက်ကာငင်ကာမေးတယ်။ ညီမလေးကလည်း သူလည်းသိချင်တဲ့အကြောင်း ဆက်ပြောတယ်။ အဲဒါနဲ့ပဲ ...

"အေး ... အေး ... ကိုကြီး ထမင်းစားပြီးရင် ညီလေးနဲ့ ညီမလေးသိချင်တာ အကုန်ပြောပြမယ် နော်"

ကျွန်တော် ထမင်းစားပြီးတော့ အိုးခွက်ပန်းကန်တွေကို ဆေးလိုက်တယ်။ အမေက ... သူဆေးပါ့မယ်လို့ လှမ်းပြောတာနဲ့ ရတယ်အမေလို့ ပြန်ပြောလိုက်ရတယ်။

ကျွန်တော်က မြေပဲယိုတစ်ချပ်နဲ့ ရေနွေးကြမ်းခွက်လေးကိုင်ပြီး အိမ်ရှေ့ရောက်တော့ အမေနဲ့ ကလေးနှစ်ယောက်က YouTube နဲ့ချိတ်ပြီး တီဗွီကြည့်နေကြတယ်။ အိမ်မှာက FTTH (အိမ်သုံးဖိုက်ဘာအင်တာနက်) တပ်ထားတော့ နေ့လယ်နေ့ခင်း အမေတစ်ယောက်တည်းရှိတဲ့အချိန်မှာ YouTube ကနေ SmartTV နဲ့ချိတ်ပြီး တရားနာချင်ရင်လည်းနာ၊ ဇာတ်လမ်းတွေရှာကြည့်ချင်ရင်လည်းကြည့်ဖို့ စီစဉ်ပေးထားတယ်။ ကလေးတွေ ကျောင်းကပြန်လာတော့လည်း သူတို့ကြည့်ချင်တာလေးတွေ ရှာဖွေပြီး ကြည့်ကြတာပေ့ါ။ FTTH တပ်ထားတော့ ငွေကုန်ကြေးကျသက်သာပြီး ကလေးတွေအတွက် အွန်လိုင်းသင်တန်းတွေလည်း တက်လို့ အဆင်ပြေတယ်လေ ...။

ကျွန်တော်က ကြမ်းပြင်မှာထိုင်ချလိုက်ရင်း ...




"ကဲ ... လာ ... ဘာတွေသိချင်ကြတာလဲ ပြော ..."

အမေက တီဗွီကို အသံတိုးလိုက်ပြီး ကလေးနှစ်ယောက်က ကျွန်တော့်ရှေ့မှာ လာထိုင်ကြတယ်။

ညီလေးက ...

"ကိုကြီး ... အဲဒီ 4G တို့ 5G တို့ဆိုတာ ဘာတွေလဲဟင် ..."

"အဲဒီအကြောင်းပြောရရင် ... 1G ကနေ စပြောမှပြည့်စုံမှာ ...။ G ဆိုတာက Generation ... 1G ဆိုတာ 1st Generation ကိုပြောတာ။ အခု ညီလေးမေးတဲ့ 4G ဆိုတာက 4th Generation ... 5G ဆိုတာက 5th Generation ပေ့ါ"

"1G ကျတော့ သားတို့ မမီလိုက်ဘူး။ အဲဒါတွေပါပြောပြ ကိုကြီး"

"ဆဲလ်ဖုန်းနည်းပညာရဲ့ ပထမဆုံးမျိုးဆက်က 1G ပဲ။ 1G ရဲ့ ကနဦးအစ နည်းပညာခြေလှမ်းတွေကို ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ စတင်မိတ်ဆက်ခဲ့ပြီးတော့ ၁၉၈၀ ပြည့်နှစ်အလွန် ကာလတွေကျမှ လူထုကြားထဲ အကောင်အထည်ဖော်လာနိုင်တာ။ အခုခေတ်ဖုန်းတွေလို အင်တာနက်သုံးလို့မရ၊ စာပို့လို့မရဘဲ "အသံ"နဲ့ ဖုန်းခေါ်ဆိုရုံသက်သက်ပဲရတာပေ့ါ။ ကနဦးနည်းပညာဖြစ်တာမို့ အားနည်းချက်တွေကတော့ ဖုန်းဘက်ထရီက ခံနိုင်ရည်သိပ်မရှိသလို လုံခြုံရေးစနစ်လည်း အားနည်းခဲ့တယ်။ ပြီးတော့ ဖုန်းပြောနေရင်း တစ်ခါတစ်ရံ လိုင်းပြတ်တောက်သွားတာ၊ လိုင်းကျသွားတာမျိုးတွေကိုလည်း အမြဲလိုလို ကြုံတွေ့ခဲ့ရတယ်။

"အားနည်းချက်တွေ ဘယ်လောက်ပဲရှိရှိ၊ ဒီ 1G နည်းပညာသာမရှိခဲ့ရင် ဒီနေ့ခေတ် ကိုကြီးတို့သုံးနေတဲ့ 2G၊ 3G၊ 4G နဲ့ 5G ဆိုတဲ့ ခေတ်မီနည်းပညာတွေလည်း ပေါ်ထွက်လာနိုင်စရာ အကြောင်းမရှိဘူးလေ။ သူကပဲ မိုဘိုင်းဆက်သွယ်ရေးလောကကြီး တစ်ဟုန်ထိုး တိုးတက်လာဖို့အတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်ခဲ့တာ။ မြန်မာနိုင်ငံမှာတော့ ပထမဆုံးမျိုးဆက် 1G နည်းပညာကို ၁၉၉၃ ခုနှစ်မှာ စပြီးဝန်ဆောင်မှုပေးခဲ့ကြတယ်"

ကျွန်တော်က မြေပဲယိုကိုတစ်ချက်ကိုက်စားပြီး ရေနွေးကြမ်းမှုတ်သောက်ရင်း ကလေးနှစ်ယောက်ကို အကဲခတ်ကြည့်တော့ စိတ်ဝင်တစားနားထောင်နေကြတာတွေ့ရတယ်။ ညီမလေးက ...

"ကိုကြီး ဆက်ပြောဦးလေ ..."

"အေး အေး ပြောမယ်၊ ပြောမယ်။ 1G ပြီးတော့ 2G ခေတ်ပေ့ါ ...။ အသံပဲခေါ်နိုင်ခဲ့တဲ့ 1G ခေတ်ပြီးတော့ ဆက်သွယ်ရေးလောကမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲတစ်ခုဖြစ်တဲ့ ဒီဂျစ်တယ်နည်းပညာတစ်ခု ပေါ်ပေါက်လာခဲ့တယ်။ အဲဒါကတော့ 2G လို့ခေါ်တဲ့ ဒုတိယမျိုးဆက်နည်းပညာပဲ။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှာစတင်ခဲ့တဲ့ ဒီ 2G နည်းပညာဟာ အရင်က အသုံးပြုခဲ့တဲ့ Analog စနစ်ကနေ ဒီဂျစ်တယ် (Digital) စနစ်ကို ကူးပြောင်းပေးနိုင်ခဲ့တဲ့ သမိုင်းမှတ်တိုင်တစ်ခုပေ့ါ။

"2G နည်းပညာက အရင် 1G နည်းပညာထက် အသံအရည်အသွေးပိုကောင်းပြီး ဆက်သွယ်ရေးလုံခြုံရေးစနစ်မြင့်မားလာတဲ့အပြင် လိုင်းတွေပိတ်ဆို့မနေဘဲ လူအများကြီးက တစ်ပြိုင်တည်းဖုန်းခေါ်ဆိုနိုင်တဲ့ ကွန်ရက်စွမ်းဆောင်ရည် မြင့်မားလာခဲ့တယ်။

စာမျက်နှာ ၇ သို့ ❖

## ကန်ကြီးထောင့်မြို့နယ်၌ မိုးရာသီကာလ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်း

ကန်ကြီးထောင့် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရန် ဖော်ထုတ်ရှင်းလင်းခြင်းကို ဩဂုတ် ၁၁ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းချို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းစိုးလွင်တို့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့လယ်လမ်းမကြီးဘေးမြို့ဦးဘုန်းတော်ကြီးကျောင်းရှေ့ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)



## လှိုင်ကော်မြို့ အနိမ့်ပိုင်းရပ်ကွက် ရေဝပ်ဧရိယာများ၌ ရေစုပ်ထုတ်ဆောင်ရွက်လျက်ရှိ

လှိုင်ကော် ဩဂုတ် ၁၃

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လှိုင်ကော်မြို့ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ဒေါနိုးကူးရပ်ကွက်နှင့် မင်းစုရပ်ကွက်ရှိရေဝပ်ဧရိယာများတွင် ရေစုပ်ထုတ်ရန် သီးခြားဆောင်ရွက်ထားသည့် 160 kVA ထရန်စဖော်မာဖြင့် 50HP မော်တာနှစ်လုံးနှင့် ခြောက်လက်မ PVC ပိုက် နှစ်လုံးတပ်ဆင်၍ဘီလူးချောင်းအတွင်းသို့ ရေစုပ်ထုတ်နေမှုကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။



### ပေးအပ်

ဆက်လက်၍ ဒေါနိုးကူးရပ်ကွက်ဓမ္မာရုံ၌ ရေဝင်ရောက်ခဲ့သည့် ဒေသခံ အိမ်ထောင်စုများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ဒေါနိုးကူးရပ်ကွက်မှ အိမ်ထောင်စု ၄၈ စုနှင့် မင်းစုရပ်ကွက်မှ အိမ်ထောင်စု ၉၈ စု စုစုပေါင်း ၁၄၆ စုအတွက် ဆန်၊ ဆီ၊ ကြက်ဥ စသည့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ရေနီကန်ကျေးရွာသို့ သွားရောက်ပြီး ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်သည့် စံပြသရုပ်ပြ ဥစားကြက်မွေးမြူရေးခြံအသစ် တည်ဆောက်နေမှုနှင့် စံပြသရုပ်ပြ အသားတိုးဝက်မွေးမြူရေးခြံ၌ DYL အသားတိုးဝက် မျိုးမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကြက်ဥနှင့် အသားဖူလုံသည့်အတွက် ဈေးနှုန်းချိုသာစွာရောင်းချပေးရန်၊ မွေးမြူရေးလုပ်ငန်းများတွင် ယခုထက်ပိုမို၍ တိုးတက် မွေးမြူနိုင်အောင် လုပ်ငန်းရှင်များ ဖိတ်ခေါ်စည်းရုံးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## သာယာဝတီမြို့နယ် အထက(သဲဖြူ)၌ လူငယ်စကားဝိုင်း ကျင်းပ

သာယာဝတီ ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အထက(သဲဖြူ)ကျောင်း၌ ဩဂုတ် ၁၂ ရက်က လူငယ်စကားဝိုင်း ကျင်းပသည်။




ဦးစွာ အထက(သဲဖြူ) ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်နွယ်ဝင်းက အမှာစကားပြောကြားပြီး သာယာဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဦးဆောင်ဆွေးနွေးပြီး အထက (သဲဖြူ)ကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

## မြောက်ဥက္ကလာပမြို့နယ်၌ ရွှေလမင်းရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်း သမဝါယမအသင်းများမှ ရွှေလမင်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစုရုံး၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာမွန်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ



အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းစာရင်းစစ် ဦးတင်ထွန်းအောင်က ဖတ်ကြားတင်ပြပြီး အသင်းသားများ၏အတည်ပြုချက်များရယူကာ အမှုဆောင်ရွေးချယ်ကြသည်။ အဆိုပါအစည်းအဝေးသို့အသင်းသား ၂၈ ဦးတက်ရောက်ခဲ့ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ သက်လွင်စိုး(ပြန်/ဆက်)

❖ စာမျက်နှာ ၆ မှ

"အဲဒီခေတ်မှာ လူသိများတဲ့ GSM[*1] စနစ်နဲ့ CDMA[*2] စနစ် ပေါ်လာတယ်။ GSM စနစ်က အချိန်အပိုင်းအခြားလေးတွေ ခွဲဝေပြီး လူအများကြီးကို တစ်ပြိုင်တည်း လိုင်းမကျဘဲ စကားပြောနိုင်တယ်။ CDMA- စနစ်ကတော့ ရေဒီယိုလှိုင်းတစ်ခုတည်းမှာ မတူညီတဲ့ Code တွေကို ခွဲခြားအသုံးပြုနိုင်စေပြီး ဆက်သွယ်ရေးစွမ်းရည်နဲ့ လိုင်းအသုံးချမှုကို ထိရောက်အောင် စီစဉ်ထားတဲ့ နည်းပညာပေ့ါကွာ။

"2G နည်းပညာရဲ့ တိုးတက်မှုကတော့ ဖုန်းခေါ်ရုံတင်မကဘဲ စာတို (SMS[*3]) ပေးပို့နိုင်တဲ့ ဝန်ဆောင်မှုနဲ့ ရုပ်ပုံပါတဲ့စာတို (MMS[*4]) စနစ်တွေကို စတင်သုံးစွဲလာနိုင်တာပဲ။

**GSM_Global System for Mobile Communications[*1]**

**CDMA_ Code Division Multiple Access [*2]**

**(SMS- Short Message Service) [*3]**

**(MMS_ Multimedia Messaging Service) [*4]**

"အားနည်းချက်ကတော့ ဒေတာ (Data) ပို့လွှတ်တဲ့နှုန်းတော်တော်နှေးတယ်။ အခုခေတ်လို ဗီဒီယိုတွေကြည့်တာ၊ ရုပ်ထွက်ကောင်းတဲ့အင်တာနက်စာမျက်နှာတွေဖွင့်တာမျိုး စတဲ့ မြန်နှုန်းမြင့်အင်တာနက် ဝန်ဆောင်မှုတွေကိုတော့ ကောင်းကောင်း

**ဆဲလ်ဖုန်းနည်းပညာရဲ့ ပထမဆုံးမျိုးဆက်က 1G ပဲ။ 1G ရဲ့ ကနဦးအစ နည်းပညာခြေလှမ်းတွေကို ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ စတင်မိတ်ဆက်ခဲ့ပြီးတော့ ၁၉၈၀ ပြည့်နှစ်အလွန်ကာလတွေကျမှ လူထုကြားထဲ အကောင်အထည်ဖော်လာနိုင်တာ။ အခုခေတ်ဖုန်းတွေလို အင်တာနက်သုံးလို့မရ၊ စာပို့လို့မရဘဲ "အသံ"နဲ့ ဖုန်းခေါ်ဆိုရုံသက်သက်ပဲရတာပေ့ါ။ ကနဦးနည်းပညာဖြစ်တာမို့ အားနည်းချက်တွေကတော့ ဖုန်းဘက်ထရီက ခံနိုင်ရည်သိပ်မရှိသလို လုံခြုံရေးစနစ်လည်း အားနည်းခဲ့တယ်။ ပြီးတော့ ဖုန်းပြောနေရင်း တစ်ခါတစ်ရံ လိုင်းပြတ်တောက်သွားတာ၊ လိုင်းကျသွားတာမျိုးတွေကိုလည်း အမြဲလိုလို ကြုံတွေ့ခဲ့ရတယ်။**

**အားနည်းချက်တွေ ဘယ်လောက်ပဲရှိရှိ၊ ဒီ 1G နည်းပညာသာမရှိခဲ့ရင် ဒီနေ့ခေတ် ကိုကြီးတို့သုံးနေတဲ့ 2G၊ 3G၊ 4G နဲ့ 5G ဆိုတဲ့ ခေတ်မီနည်းပညာတွေလည်း ပေါ်ထွက်လာနိုင်စရာ အကြောင်းမရှိဘူးလေ❞**

မွန်မွန် မပံ့ပိုးပေးနိုင်ခဲ့သေးဘူး။ ဒါပေမဲ့လည်း 2G က လူသားတွေကို အပြန်အလှန် စာတိုလေးတွေပို့ဆောင်ပေးနိုင်ခဲ့တဲ့အပြင် အနာဂတ်ရဲ့ အင်တာနက်ကမ္ဘာဆီကို ခေါ်ဆောင်သွားပေးဖို့ လမ်းစဖွင့်ပေးခဲ့တဲ့ ခေတ်ဦးနည်းပညာတစ်ခုဖြစ်ခဲ့တာပေ့ါ"

ကျွန်တော်က စကားကိုခဏရပ်ပြီး အမေ့ကို လှမ်းကြည့်တော့ အမေက ဇာတ်လမ်းတွဲဆက်ကြည့်နေတုန်းပါပဲ။

"အမေ မအိပ်သေးဘူးလား"

အမေက ခေါင်းခါပြပြီး ... ဒါလေးပြီးအောင် ကြည့်လိုက်ဦးမယ်လို့ ပြန်ဖြေတယ်။

ညီလေးက ...

"သားတို့က မနက်ဖြန် ကျောင်းပိတ်တယ်။ ကိုကြီး ပြောပြတာပြီးမှ အိပ်မှာ ..."

"အေးပါ ... အေးပါ"လို့ ပြုံးပြုံးကြီးပြန်ပြောမိတယ်။ ကလေးနှစ်ယောက်ရဲ့ စနေ၊ တနင်္ဂနွေ အွန်လိုင်းသင်တန်းတွေကလည်း နေ့ခင်းမှဆိုတော့ သူတို့အိပ်ရေးဝအောင် အိပ်လို့တော့ရပါတယ်။ အခုပြောပြနေတဲ့အကြောင်းအရာကို သူတို့လေးတွေ စိတ်ဝင်စားနေတာတွေ့ရတော့ စိတ်ထဲမှာ ကျေနပ်မိတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# ဇလွန်မြို့နယ်ရှိ ရောဝတီ-ဟသ်ာတတာ ကြံ့ခိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်၊ အလှည့်ကျ ကင်းလှည့်စောင့်ကြည့်မည့်အဖွဲ့များဖြင့် မပြတ်စောင့်ကြည့်သွားကြရန် မှာကြား

နေပြည်တော် ဩဂုတ် ၁၃

ဇလွန်မြို့နယ်ရှိ ရောဝတီ - ဟသ်ာတတာ ကြံ့ခိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရန်၊ အလှည့်ကျ ကင်းလှည့်စောင့်ကြည့်မည့် အဖွဲ့များဖြင့် မပြတ်စောင့်ကြည့်သွားကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ယမန်နေ့တွင် အဆိုပါတာအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့သည်။

ရောဝတီ-ဟသ်ာတတာ တာမိုင် (၃၀/၀)မှ (၃၀/၃)နေရာနှင့် တာမိုင် (၃၂/၀)မှ တာမိုင်(၃၂/၃)နေရာတို့ကို ရေခွေပြုလုပ်၍ သဲအိတ်ချကာကွယ်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီး ဟသ်ာတကမ်းနားတာ တာမိုင်(၅/၄)ရှိ ရေကောင်းစခန်းအမှတ်(၉)အား လည်းကောင်း၊ တာမိုင်(၅/၃)ရှိ တာတမံနှင့် မြစ်ကမ်း အခြေအနေကိုလည်းကောင်း၊ ဖြတ်တာ (၁-၈)တာနှင့် မဲဇလီညွှန်ဖြတ်တာတို့ကို လည်းကောင်း၊ ကြည့်ရှုစစ်ဆေးပြီး တာတမံ ထိခိုက်စေနိုင်သည့် အချက်များတွေ့ရှိပါက ကာကွယ်ရန်နည်းလမ်းများ၊ သတိပြုရမည့်အချက်များ၊ အချိန်မီကာကွယ်နိုင်ရေးလုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရန်လိုအပ်ချက်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပြီး စဉ်ဆက်မပြတ် ရေကင်းလှည့်ကြရန်၊ စုဆောင်းထားရှိသည့် အရေးပေါ်ပစ္စည်းများကို လိုအပ်သည့်နေရာများသို့ အမြန်ဆုံး သယ်ယူပို့ဆောင်နိုင်ရေးနှင့် ထပ်မံလိုအပ်ပါက ရေလမ်း၊ ကုန်းလမ်းမှ ဖြည့်စွက်ထားရှိနိုင်ရေး ကြိုတင်စီစဉ်ထားရန် အသေးစိတ်ဆွေးနွေးမှာကြားသည်။

ဩဂုတ် ၁၀ ရက် ညနေပိုင်းက လေးမျက်နှာမြို့နယ် သခွတ်ချောင်းကျေးရွာ ရေကင်းစခန်းအမှတ်(၂) အနီး တာမိုင် (၂၆/၃)မှ(၂၆/၄) အတွင်း၊ အုတ်အိုင်ကျေးရွာအနီး တာမိုင်(၂၇/၀)မှ(၂၇/၁) အတွင်း၊ အိုင်သပြုကျေးရွာအနီး တာမိုင် (၃၁/၂)မှ(၃၁/၃)အတွင်းရှိ ငဝန်ရေကာတာ၏ ကြံ့ခိုင်မှု၊ ငဝန်မြစ်ကြောင်းတစ်လျှောက် သဲသောင်ဖြစ်ပေါ်နေမှု၊ ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှု၊ အိုင်သပြုကျေးရွာအနီး Geotextile အစများဖြင့် ကမ်းပြိုကမ်းစားကာကွယ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် နေရာများတွင် ကမ်းပြိုကမ်းစား လျော့နည်းရေးနှင့် ရေကာတာများ ရေတိုက်စားမှု သက်သာစေရေးအတွက် ရေလမ်းကြောင်း ပြန်တည့်ခြင်းနှင့် သဲသောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# မကွေးမြို့ရှိ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

မကွေး ဩဂုတ် ၁၃

မကွေးမြို့ရှိဆားရွှေကင်းရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်၊ ဆုံရပ်ရပ်ကွက်နှင့် မယ်လှတောင်ကျေးရွာအုပ်စု သဘ်ာဆိပ်ကျေးရွာ၏ အနိမ့်ပိုင်းနေရာများသို့ ဧရာဝတီမြစ်ရေ ဝင်ရောက်လာမှုကြောင့် ရေဘေးလွတ်ရာ စခန်းများသို့ အိမ်ထောင်စု ၁၂၇ စုမှ ပြည်သူ ၅၁၅ ဦး ပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါ ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မကွေးမြို့ အောင်မေတ္တာရပ်ကွက် သာသနပါလဓမ္မာရုံ၌ သွားရောက်ထောက်ပံ့ပေးသည်။

ရေဘေးရှောင်အိမ်ထောင်စုများအတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်တို့ကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးက ရေဘေးရှောင်ပြည်သူ ၅၁၅ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၂၆၂၅၀၀၀ ကို လည်းကောင်း ထောက်ပံ့ ပေးအပ်သည်။

နံနက်ပိုင်းကလည်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ပြီး မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်သည်။

ထို့ပြင် အသက် ငါးနှစ်အောက် ကလေးများကို အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရ ဆေးပြားများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

**✤ ပီအက်စ်ဂျီအသင်းမှ**

သွင်းယူပေးနိုင်ခဲ့တာကြောင့် ဥရောပစူပါဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်မှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့ အသက်ငယ်ဆုံးကစားသမား အဖြစ်လည်းမှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အက်စ်တွန်ဗီလာကိုအနိုင်ရရှိခဲ့ပြီး ယူအီးအက်ဖ်အေစူပါဖလားကို ဆွတ်ခူးနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ ယူအီးအက်ဖ်အေစူပါဖလားကို နှစ်ရာသီဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# လေးမျက်နှာမြို့နယ်၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက်ညပိုင်းတွင်မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟသ်ာတမြို့နယ် အတွင်းရှိ ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ မြို့ပေါ်ရပ်ကွက် လေးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ရှိ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့ရှိ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ကိုးရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာ ၁၉၄ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။



ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာ ရေဝင်လမ်းအား Geobags အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဂန့်ဂေါမြို့ အနိမ့်ပိုင်းရပ်ကွက်များ၌ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ဂန့်ဂေါ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် မြို့နယ်အတွင်းရှိ အများပြည်သူများ ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင်သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက မြို့မရပ်ကွက်အတွင်းရှိ မြစ်သာမြစ်ဘေးနှင့် လောင်ထောင်ချောင်းနံဘေးရှိ ရေဝင်ရောက်နိုင်သည့် နေအိမ်များသို့ တစ်အိမ်တက်ဆင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

ထိုသို့ဖြန့်ဝေရာတွင် အများပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်မဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့်အချက်များနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လျှင် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မောင်မျိုးမင်း(ပြန်/ဆက်)**



# ပြည်သူတွေကို အကြံပြုချင်တာက တစ်ကိုယ်ရေကျန်းမာရေးကို ဂရုစိုက်ဖို့၊ လတ်တလောမှာ ရေကို ကျိုချက်သောက်သုံးဖို့၊ ယင်နားစာတွေ မစားဖို့နဲ့ ခုခံအားကောင်းမွန်အောင် ပြုမူနေထိုင်ဖို့ အကြံပြုလိုပါတယ်ခင်ဗျာ

**ဒေါက်တာ အောင်လင်းအေး**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကုသမှုခံယူနေသည့် လူနာ ၁၈၂ ဦးရှိရာ ဝမ်းရောဂါပိုးတွေ့ရှိခဲ့သည့် လူနာ ၉၃ ဦးရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဝမ်းပျက်ဝမ်းလျှောလူနာများကို စနစ်တကျ ပြုစုစောင့်ရှောက် ကုသမှုပေးလျက်ရှိသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည့်လူနာများကို ကုသမှုပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်များကို စုစည်းဖော်ပြအပ်ပါသည်–


ဒေါက်တာ အောင်လင်းအေး


ဒေါက်တာ နန္ဒဝင်း


ဒေါက်တာမင်းဇော်ဦး


ဒေါက်တာမိုးခိုင်

**ဒေါက်တာ အောင်လင်းအေး**
**ဒုတိယဆေးရုံအုပ်ကြီး**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

အခု နှစ်ရက်၊ သုံးရက်အတွင်းမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော လူနာများပြားလာတဲ့အတွက် ဆေးရုံရဲ့ အရေးပေါ်ဌာန၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေ၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုခံယူပြီးတော့ ကုသမှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဆေးရုံကြီးက ကုသရေးဌာနအောက်မှာ ရှိတဲ့အတွက်ကြောင့် အဓိကလုပ်ငန်းက လူနာတွေကုသတဲ့ လုပ်ငန်းပါ။ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးမှု မရှိစေရေးကို အထူးဂရုစိုက်ပြီး ကုသမှုတွေ ပေးနေပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါက ကူးစက်ရောဂါဖြစ်တဲ့အတွက်ကြောင့် ရောဂါသည်တွေနဲ့ တစ်ပါတည်းပါလာတဲ့ လူနာစောင့်တွေ၊ သူတို့ကို ကုသပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေ (ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ အကူဝန်ထမ်းတွေ) အကုန်လုံးကို ဒီရောဂါ ကူးစက်မှု မရှိအောင် ကာကွယ်ထိန်းချုပ်တဲ့ လုပ်ငန်းတွေကို အထူးဆောင်ရွက်ပါတယ်။ အရင်လည်း ပုံမှန်ဆောင်ရွက်တာ ရှိပါတယ်။

ပြည်သူ့ကျန်းမာရေး ပြဿနာဖြစ်တဲ့အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဌာနနဲ့ ပူးပေါင်းပြီးတော့ အထူးအလေးထားဆောင်ရွက်ပါတယ်။ ပုံမှန်ဖြစ်ပွားမှုလည်းရှိပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ နှစ်ရက်၊ သုံးရက်အတွင်းမှာတော့ သိသိသာသာ များပြားလာတဲ့အတွက်ကြောင့် အထူးဂရုစိုက်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူနာတွေရဲ့ ကျန်းမာရေးအခြေအနေ ကောင်းပါတယ်။ ဒီနေ့ဆိုရင်လည်း ဆေးရုံဆင်းမယ့်လူနာတွေ ရှိပါတယ်။ မနေ့ကလည်း ဆေးရုံဆင်းတဲ့ လူနာတွေ ရှိပါတယ်။ ရောဂါမဖြစ်ပွားအောင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းမှာ သုံးပွင့်ဆိုင်ဆိုတာရှိတယ်။ ရောဂါဖြစ်စေတဲ့ပိုး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအသောက်၊ သောက်သုံးရေ သန့်ရှင်းရေးလုပ်ငန်းတွေအပေါ် မူတည်ပါတယ်။ ခုခံအားကျဆင်းနေသူတွေ၊ အသက်ကြီးသူတွေ၊ တစ်ကိုယ်ရေသန့်ရှင်းရေး မကောင်းသူတွေမှာ ပိုပြီးဖြစ်နိုင်ပါတယ်။

ပြည်သူတွေကို အကြံပြုချင်တာက တစ်ကိုယ်ရေကျန်းမာရေးကို ဂရုစိုက်ဖို့၊ လတ်တလောမှာ ရေကို ကျိုချက်သောက်သုံးဖို့၊ ယင်နားစာတွေ မစားဖို့နဲ့ ခုခံအား ကောင်းမွန်အောင် ပြုမူနေထိုင်ဖို့ အကြံပြုလိုပါတယ်ခင်ဗျာ။

လူနာစောင့်တွေ၊ ကျန်းမာရေး ဝန်ထမ်းတွေအပါအဝင် ကြိုတင်ကာကွယ်ဆေး Doxycycline 100 mg ကို တိုက်ကျွေးပါတယ်။ ကျန်းမာရေး ဝန်ထမ်းတွေလည်း အကုန်လုံးနီးပါး သောက်ပြီးပါပြီ။ လာရောက်ပြသတဲ့ ပြင်ပလူနာ၊ အတွင်းလူနာ၊ လူနာစောင့်တွေကိုလည်း Doxycycline 100 mg တိုက်ကျွေးပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူနာတွေအားလုံးကို လက်ခံကုသပေးနေပါတယ်။ လူနာတွေ ရောက်ရှိလာရင် ခုတင်အခက်အခဲ မရှိအောင် စီမံထားပါတယ်။ လူနာတွေကိုလည်း Guidelines နဲ့အညီ သီးခြားဆောင် သုံး/လေးဆောင် စီစဉ်ထားပြီး ကုသပေးနေပါတယ်။ ရောဂါဖြစ်ပွားလာရင် ရန်ကုန်ဆေးရုံကြီးကို ပြည်သူတွေ လာရောက်ကုသကြပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါအပြင် နေ့စဉ်ကုသပေးနေတဲ့ရောဂါတွေအတွက် အတွင်း လူနာ ၁၃၀၀၊ ၁၄၀၀၊ ၁၅၀၀ လောက်နဲ့ ပြင်ပလူနာ တစ်ရက် ၂၅၀၀ ရှိပါတယ်။ ခွဲစိတ်မှုတွေကိုလည်း အချိန်မပျက် ပုံမှန် ဆက်လက်လုပ်ဆောင်နေပါတယ်။ အခုဖြစ်လာတဲ့ ဝမ်းပျက်ဝမ်းလျှောအတွက်လည်း သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း ပြင်ဆင်ကုသပေးနေတယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

**ဒေါက်တာ နန္ဒဝင်း**
**ဌာနမှူး၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန**

ဝမ်းပျက်ဝမ်းလျှော ရောဂါကတော့ နှစ်စဉ် မိုးဦးကျအချိန်တိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွက် စိန်ခေါ်မှုရှိတဲ့ ရောဂါတစ်ခုလည်း ဖြစ်ပါတယ်။ ဩဂုတ်လ ၈၊ ၉၊ ၁၀ မှာ လမ်းမတော်မြို့နယ်က နေပြီးတော့ ဝမ်းပျက်ဝမ်းလျှောဖြစ်တဲ့ သူအယောက် ၂၀၊ လသာမြို့နယ်က နေပြီးတော့ အယောက် ၂၀ နဲ့ ကျွန်တော်တို့ ဒဂုံဆိပ်ကမ်းမြို့နယ်မှာလည်း ၁၄ ယောက် အစုလိုက် တွေ့ခဲ့ပါတယ်။ လူနာတွေကို အစုလိုက်တွေ့တာနဲ့ ဘာကြောင့်ဆိုတာ လိုက်ရှာပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီ တွေ့တဲ့အခါမှာ ဒါသည် ဒီတစ်ဦးတစ်ယောက်ရဲ့ အပြုအမူအနေအထိုင်၊ အစားအသောက် မကောင်းမွန်လို့၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် မလိုက်နာနိုင်လို့ဆိုတာ တွေ့ပေမယ့် အစုလိုက်ဖြစ်လာရင် ဘာကြောင့်ဖြစ်သလဲဆိုတာမျိုး လိုက်ကြည့်ရတယ်။

သူတို့ကို ကျွန်တော်တို့က Google ပေါ်မှာ ရိုက်သွင်းမှတ်တမ်းတင်စနစ်မျိုးတွေအသုံးပြုပြီးတောက်လျှောက်ထောက်လှမ်းပြီးတော့ ကြည့်ရှုစောင့်ရှောက်ပါတယ်။ အဲဒီလို ကြည့်ရှုစောင့်ရှောက်တဲ့အခါမှာ ဒီလမ်းမတော်နဲ့ လသာမြို့နယ်မှာ ဖြစ်ပွားမှုတွေများတယ်၊ လမ်းမတော်မြို့နယ် ၁ လမ်းက နေ ၂၄ လမ်းကြားမှာတင် ဒီလူနာတွေက စိပ်လာတာကို အံ့သြဖွယ်ရာ တွေ့ရတယ်။ ဒီနေရာကလည်း ရန်ကုန်မြို့ရဲ့ China Town ရှိတဲ့ နေရာ ဖြစ်နေတယ်။

အားလုံးရဲ့ စားသောက်မှုကို ကြည့်တဲ့အခါမှာ အားလုံးသည် အလွယ်တကူရတဲ့ ပြင်ပအစားအစာတွေကိုပဲ မှာယူစားသောက်နေတာကို တွေ့ရတယ်။ အစားအသောက်မှာ သုံးနေတဲ့ရေတွေကို လိုက်စစ်ရပါတယ်။ လမ်းဘေးမှာရှိတဲ့ ဆိုင်တွေက ရောက်တဲ့နေရာကနေ ရေပုံးလေးတွေနဲ့ခပ်ပြီး သေချာမဆေးကြောတဲ့အခါ ရေပုံးကနေ ရေအညစ်အကြေးကပ်ပြီးပါလာတော့ ရေကိုသုံးတဲ့အခါမှာ အဆင်မပြေတာမျိုးလည်းရှိတယ်။

မနေ့က ညနေ ၆ နာရီကနေ ဒီနေ့ မနက် ၆ နာရီအထိတော့ လူနာဦးရေ ၃၀ ပဲတက်တယ်။ အရင်နေ့တွေနဲ့ စာရင်တော့ နည်းနည်းကျလာပါပြီ။ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမယ် ဆိုရင်တော့ ၅ ရက်၊ တစ်ပတ်လောက်အတွင်းမှာ ဒီဖြစ်ပွားတဲ့ လူနာတွေ လျော့ပါးသွားမှာပဲ ဖြစ်ပါတယ်။ ရောက်လာတဲ့ လူနာတွေ အသက်မဆုံးရှုံးစေဖို့ တတ်နိုင်သလောက် Zero death ဖြစ်အောင် ကုသရေးဦးစီးဌာနက ဆရာဝန်တွေ၊ ဆေးရုံကြီးတွေကလည်း ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဗဟိုအဆင့် ဆေးရုံကြီး ၁၈ ရုံနဲ့ ရန်ကုန်တိုင်းအောက်က ဆေးရုံ ၆၅ ရုံမှာ အားလုံးက ဝမ်းပျက်ဝမ်းလျှောရောဂါအတွက်ကို အကုန်လုံးသင်တန်းတွေပေးပြီး ဆေးဝါးပစ္စည်းစုဆောင်းထားပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူလူထုအနေနဲ့ အစာသန့်၊ ရေသန့် အဓိကအရေးကြီးပါတယ်။ အစားအသောက်ကို ပူပူနွေးနွေးနဲ့ စားသောက်တတ်ဖို့နဲ့ ပြီးတော့ ရောဂါဖြစ်ပွားလာရင်လည်း ကျန်းမာရေးဌာနကို ချက်ချင်းအကြောင်းကြားပြီးတော့ ကုသမှုခံယူမယ်ဆိုရင်တော့ ပြည်သူတွေ ဝမ်းပျက်ဝမ်းလျှောသာမက ကျန်တဲ့ မည်သည့်ရောဂါပဲဖြစ်ပါစေ ကျွန်တော်တို့နဲ့ ပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် အားလုံး ကျော်လွှားနိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဒေါက်တာမင်းဇော်ဦး**
**ပါမောက္ခ (ဌာနကြီးမှူး၊ ဆေးလက်တွေ့)**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

ဝမ်းပျက်ဝမ်းလျှော ရောဂါဆိုတာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါတစ်ခုပါ။ တနင်္ဂနွေ၊ တနင်္လာနေ့ကစပြီး လူနာအရေအတွက် များလာတာကို သတိပြုမိပါတယ်။ ဆေးရုံအနီးပတ်ဝန်းကျင် မြို့နယ်တွေကလာတဲ့ လူနာတွေများလာတဲ့အတွက် တနင်္လာနေ့ကစပြီး ဝမ်းပျက်ဝမ်းလျှောနဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေ၊ သူနာပြုတွေ၊ ဆရာဝန်တွေ၊ ဆေးဝါးစုဆောင်းခြင်းနဲ့ ဆေးရုံကြီးအဖွဲ့နဲ့ပူးပေါင်းပြီး လူနာတွေ ထားဖို့ သီးသန့်အဆောင်တွေ ပြင်ဆင်တာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

နေ့စဉ် ကုသမှုပေးနေတဲ့ အပိုင်းမှာ ကျွန်တော်တို့မှာ ရှိတဲ့ (ဆရာဝန်၊ သူနာပြု) စတဲ့ လူအင်အား အားလုံးကို ထိရောက်စွာ အသုံးပြုပြီး ဆောင်ရွက်နေတဲ့အတွက် အဆင်ပြေပါတယ်။ ဆေးဝါးအနေနဲ့လည်း ပြည့်စုံမှုရှိအောင် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က Zero Mortality (သေဆုံးမှု လုံးဝမရှိရေး)ပါ။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အချိန်မီသာ ရောက်လာခဲ့ရင် ပျက်စီးဆုံးရှုံးမှု မရှိအောင် အတတ်နိုင်ဆုံး စောင့်ရှောက်ပေးပါတယ်။ အရင်နှစ်တွေရဲ့ အတွေ့အကြုံအရ တချို့ကသိပ်လွန်မှ ရောက်လာတာမျိုး ရှိတတ်တယ်။ အဲဒါမျိုး မဖြစ်ဘဲ ဆေးဝါးကုသမှုနဲ့ စောင့်ရှောက်မှုကို စောစီးစွာ ကြိုတင်လာရောက်ခံယူမယ်ဆိုရင် ပြန်လည်ကျန်းမာလာမှာ ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ ကျန်းမာရေး ဝန်ကြီးဌာနနဲ့ သတင်းမီဒီယာတွေက အမြဲ အသိပေးနေတဲ့အတိုင်း အထူးသဖြင့် မိုးတွင်းကာလမှာ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ပါ။ အစားအသောက်နဲ့ ပတ်သက်ရင် မလတ်ဆတ်တာတွေ၊ ယင်နားစာတွေနဲ့ အမှည့်လွန်တဲ့ အသီးအနှံတွေကို ဆင်ခြင်စားသောက်ပါ။ သောက်သုံးရေနဲ့ ပတ်သက်ရင် သန့်ရှင်းမှုရှိအောင် ရေကို သေချာကျိုချက်ပြီးမှ သောက်သုံးဖို့ ပြောချင်ပါတယ်။။

လတ်တလော ဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ပတ်သက်ပြီး ပြည်သူလူထုကြားမှာ စိုးရိမ်မှုတွေ မြင့်မားနေတာ သိရှိရပါတယ်။ လူနာအများကြီး ရောက်လာတာ မှန်သော်လည်း လူမှုကွန်ရက်ပေါ်မှာ ပြောနေကြသလို ရန်ကုန်ဆေးရုံကြီးမှာ လူနာတွေ ပြည့်ကျပ်နေတယ်၊ ပြင်ပလူနာ မကြည့်တော့ဘူး၊ အတွင်းလူနာ လက်မခံတော့ဘူးဆိုတဲ့ သတင်းတွေ မဟုတ်မှန်ကြောင်း ပြောချင်ပါတယ်။ ပြင်ပလူနာဌာနကိုလည်း ပုံမှန်အတိုင်း ဆောင်ရွက်နေပြီး ရှိတဲ့အင်အားနဲ့ ဝမ်းပျက်ဝမ်းလျှော လူနာတွေကို စနစ်တကျ ပြုစုစောင့်ရှောက်ပေးနေတယ်ဆိုတာ အသိပေးပါရစေ။

**ဒေါက်တာမိုးခိုင်**
**ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး ကုသရေး)**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

လတ်တလော ရန်ကုန်တိုင်းဒေသကြီးမှာ ဖြစ်ပွားနေတဲ့ ဝမ်းပျက် ဝမ်းလျှောရောဂါ လူနာတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ရန်ကုန်တိုင်းအတွင်းမှာ ရှိနေတဲ့ ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများ လက်ခံကုသနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်ကာ ကုသမှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အနေနဲ့လည်း ဗဟိုအဆင့် ဆေးရုံအများစုရှိတဲ့ တိုင်းဒေသကြီးဖြစ်သလို ပုဂ္ဂလိကဆေးရုံတွေအနေနဲ့လည်း ဝန်ဆောင်မှုပေးလျက်ရှိတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ လက်ရှိရှိနေတဲ့ ပြည်သူ့ဆေးရုံတွေရဲ့ အင်အားနဲ့ ပုဂ္ဂလိကဆေးရုံတွေ အင်အားကို အသုံးပြုပြီးတော့ ဆေးရုံအလိုက်ပြည်သူ့ဆေးရုံ၊ပုဂ္ဂလိကဆေးရုံ မခွဲခြားဘဲ ဝမ်းပျက်ဝမ်းလျှောရောဂါ လူနာရောက်ရှိလာရင် လက်ခံကုသမှုတွေ ဆောင်ရွက်ဖို့ ညွှန်ကြားထားရှိပြီးတော့ ကုသမှုဆောင်ရွက်တဲ့အခါမှာလည်း စနစ်တကျလိုက်နာ ဆောင်ရွက်နိုင်အောင် လုပ်ငန်းလမ်းညွှန်တွေကိုလည်း ဖြန့်ဝေအသိပေးထားရှိပြီး ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဆေးရုံတွေ အနေနဲ့လည်း အရင်ကတည်းက အတွေ့အကြုံရှိပြီး ဖြစ်တဲ့အတွက်ကြောင့်

စာမျက်နှာ ၁၀ သို့ +

**ကျန်းမာရေးဝန်ကြီးဌာန**

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

**၂၀၂၆-၂၀၂၇ ပညာသင်နှစ်**

**ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ**

**(၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ**

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

## စပါး၊ ပဲတီစိမ်းနှင့် မတ်ပဲသီးနှံများ မျိုးသန့်ထိန်းသိမ်းခြင်း ခေါင်းစဉ်ဖြင့် တောင်သူနည်းပညာပေးဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၃**

(၁၂၁)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေး သုတေသနဦးစီးဌာန၌ ကျင်းပရာ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခ(ဌာနမှူး)က "စပါး၊ ပဲတီစိမ်းနှင့် မတ်ပဲသီးနှံများ မျိုးသန့်ထိန်းသိမ်းခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြကာ ဒေသခံ တောင်သူများက စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများနှင့် သိရှိလိုသည့် မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

တောင်သူများကြုံတွေ့နေကြရသော လယ်ယာထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများ နှီးနှောဖလှယ်နိုင်ရေးနှင့် အခက်အခဲပြဿနာများကို အကောင်းဆုံးကျော်ဖြတ်နိုင်မည့် နည်းလမ်းများ ညှိနှိုင်းအဖြေရှာ ဖော်ထုတ်နိုင်စေရန် အတွက် တောင်သူနည်းပညာ ဆွေးနွေးပွဲများကို အပတ်စဉ် ကျင်းပလျက်ရှိသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံ အကျဆုံးမှာ မျိုးစေ့ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးမှသာ အရည်အသွေးပြည့်သည့် သီးနှံများရရှိမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းကို ၁၉၉၀ ပြည့်နှစ် မတိုင်ခင်အထိ အစိုးရအဖွဲ့အစည်းများကသာ ဆောင်ရွက်ခဲ့ပြီး မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်ရာတွင် မျိုးစေ့လိုအပ်ချက်နှင့် မျိုးစေ့ထုတ်လုပ်မှု သဟဇာတဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ရာတွင် အစိုးရဌာနများ၏ ခြံ၊ စိုက်ကွင်းများ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ်တောင်သူများက ထုတ်လုပ်ဖြန့်ဖြူးသည့် နည်းတူ တောင်သူတစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**



## မကွေးတိုင်းဒေသကြီးအတွင်း သမဝါယမဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မကွေး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် လူမှုစီးပွားမြှင့်တင်ရေး(သက်တံရောင်စီမံကိန်း)ဖြင့် အောင်သစ္စာ လယ်/ထွေ သမဝါယမအသင်းမှ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ထုံးတောင်မွေး/ထွေ အသင်းသားများက Raka 666 ဝါစိုက်ပျိုးထားရှိမှုကို ဩဂုတ် ၈ ရက်တွင် တိုင်းဒေသကြီး သမဝါယမအသင်းမှ တိုင်းဦးစီးမှူး ဦးမြင့်ဇော်ထွန်းနှင့် ဦးစီးမှူးတို့က ကွင်းဆင်းစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဦးစီးမှူးနှင့်အဖွဲ့သည် အောင်လံမြို့နယ် ဒုရင်ဗိုလ်တိုက်နယ် ကသစ်ကန်ကျေးရွာမှ မိုးစပါးစိုက်တောင်သူများနှင့် (သက်တံရောင်စီမံကိန်း) ဧရိယာတိုးချဲ့နိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✢ စာမျက်နှာ ၉ မှ

လူနာများအနေနဲ့ လိုအပ်တဲ့ကုသမှုတွေ အချိန်မီရရှိနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ လူနာတွေကို ကုသမှုပေးတဲ့အခါမှာ ဦးတည်ဆောင်ရွက်တဲ့ အချက်အနေနဲ့ ရောက်ရှိလာတဲ့ လူနာတွေအသက်သေဆုံးမှုမရှိအောင် ဦးတည်ဆောင်ရွက်ခြင်း၊ ဒုတိယအချက်အနေနဲ့တော့ လိုအပ်တဲ့ကုသမှုတွေကို အချိန်နဲ့ တစ်ပြေးညီရရှိအောင်ဆောင်ရွက်ခြင်းနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ကုသရေးလုပ်ငန်းတွေမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ရှိတဲ့ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်း အားလုံးအနေနဲ့ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကာကွယ်ကုသရေး လုပ်ငန်းတွေကို အထောက်အကူပြုဖို့အတွက် ရည်မှန်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ရောဂါကုသရေးအတွက် ဆောင်ရွက်သလို ရောဂါရှာဖွေရေးမှာလည်း အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနအပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ မှုခ်ဇီဝဌာန၊ ဓာတ်ခွဲဌာနတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရောက်ရှိလာတဲ့လူနာတွေကို ရောဂါအမည် အမြန်တပ်နိုင်ဖို့၊ အရေးပေါ်ကုသမှုတွေ အမြန်ရရှိဖို့၊ ကုသမှုတွေကို အချိန်နဲ့တစ်ပြေးညီ နေရာအလိုက်ရရှိနိုင်ဖို့အတွက် သမားတော်တွေ၊ အထွေထွေ လက်ထောက်ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ အားသွန်ခွန်စိုက်ဝိုင်းဝန်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအချိန်အထိ လူနာအသက် သေဆုံးမှုတွေ မရှိသေးပါကြောင်း ပြောကြားလိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဝမ်းပျက်ဝမ်းလျှော ရောဂါလက္ခဏာတွေ ခံစားရတဲ့ပြည်သူတွေအနေနဲ့လည်း လိုအပ်တဲ့ကုသမှုတွေ ဆောင်ရွက်နိုင်အောင် ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေ အနေနဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်တဲ့အတွက် စိုးရိမ်ပူပန်မှု မဖြစ်ကြဘဲ အနီးစပ်ဆုံး ပြည်သူ့ဆေးရုံတွေနဲ့ သက်ဆိုင်ရာဆေးရုံတွေကို သွားရောက်ကုသမှုခံယူနိုင်ပါကြောင်း ပြောကြားလိုပါတယ်။

**ကျော်စိုးဝင်း**

## ကျောင်းကုန်းမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ကျောင်းကုန်း ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီးရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းစန်းမိုးက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညို က အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး အသက်ငါးနှစ်အောက်ကလေးသူငယ်များအား ဗီတာမင်အေအားဆေးနှင့် သန်ချဆေးများတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအား ကြက်ဥ၊ ကုလားပဲ၊ အိုင်အိုဒင်းဆားနှင့် ငှက်ပျောသီးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**





## မိုင်းရှူးမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**မိုင်းရှူး ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ ခန်းမဆောင်၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ဆရာဝန်ကြီးဒေါက်တာကျော်ဇင်ထွန်း၊ ကျန်းမာရေးဆရာမ ဒေါ်ဘီနူးတို့က ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဖြည့်ဆေးနှင့် ဗီတာမင်ဘီဝမ်းအားဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရများထောက်ပံ့ပေးခြင်း၊ အသက်ခြောက်လမှ ငါးနှစ်ကလေးများအား အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ အသက်နှစ်နှစ်မှ ငါးနှစ်ကလေးများအား သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရဆိုင်ရာအသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီး အာဟာရပြည့်ဝမျှတသည့်အစားအစာများ ပြင်ဆင်ချက်ပြုတ်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်မှုမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသို့.....

**သိန်းထွန်း (IR)**

**(ယမန်နေ့မှအဆက်)**

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ခြင်းဖြင့် ဒေသများအကြား ဖွံ့ဖြိုးမှုကွာဟချက်များ လျော့ချရေးကို အထောက်အကူဖြစ်စေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြို့ကြီးများနှင့် ကျေးလက်များအကြား သို့မဟုတ် မြေပြန့်နှင့် ဝေးလံခေါင်သီသည့် တောင်ပေါ်ဒေသများအကြား ဝင်ငွေ၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ကွာဟချက်များ ရှိတတ်ကြပါသည်။

ယင်းသို့ကွာဟမှုများကြောင့် အလုပ်အကိုင်ရရှိမှုနှင့် ထုတ်လုပ်နိုင်စွမ်းလျော့ကျစေပြီး ဒေသ၏ လူမှုစီးပွားဘဝများကို နိမ့်ကျစေပါသည်။ ထို့အပြင် ပြည်တွင်း/ ပြည်ပပြောင်းရွှေ့မှုများ တိုးမြင့်လာပြီး လူဦးရေမညီမျှမှုများ ဖြစ်ပေါ်စေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရာတွင် အဓိကဒေသတစ်ခု သို့မဟုတ် ဖွံ့ဖြိုးပြီးဒေသအနည်းငယ်ပေါ်တွင်သာ အခြေခံတည်ဆောက်၍ မရနိုင်ဘဲ ဒေသအသီးသီး၏ အားသာချက်နှင့် အလားအလာများကို ဖော်ထုတ်အသုံးချနိုင်မှသာ အားလုံးပါဝင်၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်ကြောင်း OECD နှင့် World Bank တို့၏ လေ့လာချက်များအရ သိရှိရပါသည်။

ထို့ကြောင့် ဒေသတစ်ခုချင်းစီ၏ အားသာချက်များနှင့် အလားအလာများကိုအခြေခံသည့် place-based policies မူဝါဒများသည် ဒေသတစ်ခုချင်းစီ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ပေးပြီး ဒေသများအကြား ဖွံ့ဖြိုးမှုကွာဟချက်လျော့နည်းရေးကို အထောက်အကူဖြစ်စေပါသည်။

**ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး ဒေသတွင်းစီးပွားရေးများကို ဖွံ့ဖြိုးတိုးတက်စေ**

အလားတူပင် ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများနှင့် အသေးစား၊ အလတ်စားကဲ့သို့သော ဒေသခံစီးပွားရေးများကို အားကောင်းစေရန် ဖန်တီးပေးနိုင်ပါသည်။ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေးစနစ်နှင့် စီးပွားရေးအခြေခံအဆောက်အအုံများ တိုးတက်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး ဒေသတွင်း စီးပွားရေးများကို ဖွံ့ဖြိုးတိုးတက်စေပါသည်။

ထိုသို့စီးပွားရေးလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ဒေသခံပြည်သူလူထု၏ ဝင်ငွေတိုးတက်လာစေပြီး ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုများကို လျော့ကျရန် အထောက်အကူဖြစ်စေပါသည်။ ယင်း၏အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝအရည်အသွေး (Quality of Life) ကို မြှင့်တင်ပေးနိုင်ပါသည်။ ဒေသအခြေပြုဖွံ့ဖြိုးရေးမူဝါဒများသည် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို ဦးတည်ခြင်းမဟုတ်ဘဲ ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေ၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လူမှုဖူလုံရေးစနစ်များကိုပါ တိုးတက်စေရန်ရည်ရွယ်ပါသည်။ ထိုသို့ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်လာခြင်းကြောင့် ဒေသခံပြည်သူများသည် ပိုမိုကောင်းမွန်သည့် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများရရှိနိုင်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးကို မြှင့်တင်နိုင်ပါသည်။

ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများသည် ဒေသတစ်ခုချင်းစီကို ဦးတည်အကောင်အထည်ဖော်ခြင်းဖြစ်၍ နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးနိုင်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသောဒေသများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် လူမှုရေးမညီမျှမှုများလျော့ချရေးကို အထောက်အကူဖြစ်စေပါသည်။ ထိုသို့မဟုတ်ဘဲ ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးမှုကွာဟချက်နှင့် လူမှုရေးမညီမျှမှုများ ကြီးမားလာသည့်အခါ မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများကို ဖြစ်ပေါ်စေပြီး လူမှုရေးပဋိပက္ခများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့သော စိန်ခေါ်မှုများကို ကာကွယ်တားဆီးနိုင်ရန်နှင့် ဒေသများအကြား ကွာဟချက်များ လျော့ချနိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေးမူဝါဒများကို စီးပွားရေးတိုးတက်ရန်အပြင် လူမှုရေးတရားမျှတမှု၊ အခွင့်အလမ်းညီမျှမှုနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုအဖြစ် အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစည်းလုံးမှုကို မြှင့်တင်ပေးနိုင်ပါသည်။

**ဒေသအလိုက် အားသာချက်များကို အခြေခံသည့် ဒေသအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်း အသုံးပြု**

အလားတူပင် ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ အကောင်အထည်ဖော်ခြင်းသည် ဒေသခံပြည်သူများ၏ အလားအလာ၊ အခွင့်အလမ်းများနှင့် သဘာဝရင်းမြစ်များကို ထိရောက်စွာ အသုံးချနိုင်ပါသည်။ ဒေသတစ်ခုချင်းစီတွင် စိုက်ပျိုးရေး၊ သဘာဝသယံဇာတများ၊ ခရီးသွားလုပ်ငန်း၊ လက်မှုလုပ်ငန်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝအရင်းအမြစ်များ မတူညီကြသဖြင့် တစ်ပြေးညီ မူဝါဒအသုံးပြုခြင်းထက် ဒေသအလိုက် အားသာချက်များကို အခြေခံသည့် ဒေသအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းအသုံးပြုခြင်းက ပိုမိုကိုက်ညီမှုရှိပါသည်။ ယင်းနည်းလမ်းသည် ဒေသခံပြည်သူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းရရှိစေပြီး ဒေသ၏စီးပွားရေးကို ရေရှည်တည်တံ့မှုရရှိစေသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပေးနိုင်ပါသည်။

ထိုသို့ ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများအကောင်အထည်ဖော်ရာတွင် ယင်းဒေသရှိပြည်သူများ၏လူနေမှုအဆင့်အတန်း တိုးတက်လာရေးအတွက်လည်း လူသားအခြေပြုဖွံ့ဖြိုးတိုးတက်မှုလည်း လိုအပ်ပါသည်။ People-based approach သည် လူတစ်ဦးချင်းစီ၏ ပညာရေး၊ ကျွမ်းကျင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုကာကွယ်စောင့်ရှောက်မှု၊ ဝင်ငွေနှင့် အခြားလူသားအရင်းအမြစ်ဆိုင်ရာစွမ်းရည်များ မြှင့်တင်ပေးခြင်းဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်၏လေ့လာချက်အရ ဖွံ့ဖြိုးမှုနောက်ကျနေသည့်ဒေသများကို နေရာဒေသအလိုက် ပစ်မှတ်ထားသောမူဝါဒများဖြင့် ပံ့ပိုးခြင်းသည် အရေးကြီးသော်လည်း အချို့အခြေအနေများတွင် ဒေသခံပြည်သူများ၏ ကျွမ်းကျင်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ပေးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ပေးခြင်းတို့သည် ဒေသ၏ လူနေမှုအဆင့်အတန်း တိုးတက်ရေးအတွက် ထိရောက်သောနည်းလမ်းများဖြစ်ကြောင်း ဆိုပါသည်။

ထို့ကြောင့် ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဒေသ၏စီးပွားရေးနှင့် လူမှုအခြေအနေများကိုအခြေခံသည့် place-based policies များနှင့် လူသားအရင်းအမြစ်နှင့် လူနေမှုဘဝတိုးတက်ရေးကိုအလေးထားသည့် people-based policies တို့ကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ထိရောက်မှုရရှိစေပါသည်။ ထိုပေါင်းစပ်ချဉ်းကပ်မှုသည် ဒေသတစ်ခုချင်းစီ၏ ထူးခြားသောအားသာချက်များကို အသုံးချနိုင်စေသည့်အပြင် ဒေသအတွင်းရှိ ပြည်သူလူထု၏စွမ်းရည်နှင့် အခွင့်အလမ်းများကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

သို့သော် ဒေသအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းနှင့် ဗဟိုအခြေပြုဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းတို့တွင် အားသာချက်များရှိကြသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အားနည်းချက်များရှိကြပါသည်။ ယင်းနည်းလမ်းနှစ်ခုအနက် မည်သည့်နည်းလမ်းအား ရွေးချယ်အသုံးပြုမည်ဆိုသည်မှာ မိမိနိုင်ငံ၏အခြေအနေ၊ ဒေသများ၏အခြေအနေတို့နှင့် ချိန်ထိုးရွေးချယ်အသုံးပြုကြပါသည်။

> **ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတော်အဆင့်မူဝါဒ တစ်ပြေးညီဖြစ်စေရန်၊ အရင်းအမြစ်များကို ပြန်လည်ခွဲဝေရန်နှင့် နိုင်ငံတော်အဆင့် စီမံကိန်းများ အကောင်အထည်ဖော်ရန် Central-based development လိုအပ်သော်လည်း ဒေသတစ်ခုချင်းစီ၏ ထူးခြားသောအခြေအနေများကို ထိရောက်စွာအသုံးချနိုင်ရန်နှင့် ဒေသအလိုက်တိုးတက်စေရန်အတွက်မှု ကောင်းမွန်စွာဒီဇိုင်းရေးဆွဲထားသည့် ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ လိုအပ်**

အချို့နိုင်ငံများတွင် နည်းလမ်းနှစ်ခုကို ပေါင်းစပ်အသုံးပြုကြပါသည်။ နိုင်ငံတော်ဗဟိုအစိုးရက နိုင်ငံတော်အဆင့်မျှော်မှန်းချက်၊ ဥပဒေ၊ ဘဏ္ဍာရေးမူဝါဒ၊ အမျိုးသားအဆင့် အခြေခံအဆောက်အအုံနှင့် အနည်းဆုံးအများပြည်သူဝန်ဆောင်မှုစံနှုန်းများကို သတ်မှတ်ပေး၍ ဒေသအစိုးရနှင့် ဒေသခံအဖွဲ့အစည်းများက ဒေသ၏ လိုအပ်ချက်နှင့် အလားအလာအပေါ်အခြေခံ၍ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို အထောက်အကူရရှိစေပါသည်။

ထိုသို့အကောင်အထည်ဖော်ရာတွင် OECD Regional Outlook 2023 အရ ဒေသဖွံ့ဖြိုးရေးအတွက် အများပြည်သူဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံများရရှိနိုင်မှု၊ ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်မှု၊ ဒေသအလိုက် ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်၊ အစိုးရအဆင့်ဆင့်အကြား ပူးပေါင်းညှိနှိုင်းမှုတိုးတက်ရေးနှင့် နိုင်ငံအဆင့်၊ ဒေသအဆင့် နှစ်ရပ်စလုံး၏ စီမံခန့်ခွဲရေးစွမ်းရည်မြှင့်တင်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ရန် အရေးကြီးကြောင်း ဆိုပါသည်။

ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာ၌ ပြည်သူများအတွက် အခြေခံဝန်ဆောင်မှုများရရှိရေး၊ လူထုပူးပေါင်းလုပ်ဆောင်မှုမြှင့်တင်ရေးနှင့် မညီမျှမှုများလျော့ချရေးအတွက် ဒေသအဆင့်အုပ်ချုပ်ရေးကဏ္ဍသည် အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ဒေသဆိုင်ရာအုပ်ချုပ်ရေး၏ စွမ်းဆောင်ရည်အားနည်းပါက ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် အကျိုးကျေးဇူး အပြည့်အဝရရှိရန် ခက်ခဲနိုင်ပါသည်။

ထို့ကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေး၏ governance၊ financing နှင့် institutional capacity ကို မြှင့်တင်ရန်လိုအပ်ပါသည်။ ယင်းသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်မှု အောင်မြင်ရန် ဒေသအဆင့်အစိုးရများသို့ တာဝန်ပေးရုံမျှသာမက လုပ်ပိုင်ခွင့်နှင့်အတူ ဘဏ္ဍာရေး၊ ကျွမ်းကျင်ဝန်ထမ်း၊ သတင်းအချက်အလက်၊ စီမံကိန်းရေးဆွဲနိုင်စွမ်းနှင့် တာဝန်ယူ/ တာဝန်ခံမှုစနစ်များကိုပါ ပေးအပ်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် ဒေသဖွံ့ဖြိုးရေးမူဝါဒအောင်မြင်ရန်အတွက် ဒေသတစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဆန်းစစ်သုံးသပ်၍ ဒေသအခြေအနေနှင့် ကိုက်ညီသော မဟာဗျူဟာများချမှတ်ခြင်းဖြင့် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတော်အဆင့် မူဝါဒတစ်ပြေးညီဖြစ်စေရန်၊ အရင်းအမြစ်များကို ပြန်လည်ခွဲဝေရန်နှင့် နိုင်ငံတော်အဆင့် စီမံကိန်းများ အကောင်အထည်ဖော်ရန် Central-based development လိုအပ်သော်လည်း ဒေသတစ်ခုချင်းစီ၏ ထူးခြားသောအခြေအနေများကို ထိရောက်စွာအသုံးချနိုင်ရန်နှင့် ဒေသအလိုက်တိုးတက်စေရန်အတွက်မှု ကောင်းမွန်စွာဒီဇိုင်းရေးဆွဲထားသည့် ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ လိုအပ်ပါသည်။ အထူးသဖြင့် ယနေ့ကာလ အပြောင်းအလဲများကြားတွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် Central-based development approach နှင့် place-based development approach တို့ကို ပေါင်းစပ်အသုံးပြုခြင်းသည် နိုင်ငံ၏ ဘက်စုံစီးပွားရေးတိုးတက်မှုကို ထိန်းသိမ်းထားနိုင်သကဲ့သို့ ဒေသများအကြား မညီမျှမှုလျော့ချရေးကို အထောက်အကူရရှိစေသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏အကျိုးကျေးဇူးများကို ပိုမိုမျှတစွာ ခံစားနိုင်မည်ဖြစ်ပါသည်။ ။

**ကိုးကား -**


၁။ McCann, P. (2023). *Place-based policies for the future: How have place-based policies evolved to date and what are they for now?* OECD Regional Development Papers, No. 78. OECD Publishing. https://doi.org/10.1787/9b0b0107-en.

၂။ Marcin Bogdański (2012), "Modern Theories of Regional Development – A Review of Some Concepts"

၃။ OECD. (2023). *OECD Regional Outlook 2023: The Longstanding Geography of Inequalities*. OECD Publishing, Paris. https://doi.org/10.1787/92cd40a0-en.

၄။ OECD. (2025). *Place-Based Policies for the Future*. OECD Regional Development Studies. OECD Publishing, Paris. https://doi.org/10.1787/e5ff6716-en.

၅။ OECD. (2025). *Strengthening regional policy for resilient places: Key issues and policy considerations*. OECD Regional Development Papers, No. 148. OECD Publishing, Paris. https://doi.org/10.1787/ea24eab5-en.

၆။ World Bank. (2022). *Place, Productivity, and Prosperity: Spatially Targeted Policies for Regional Development*. World Bank.

၇။ United Nations Development Programme. (n.d.). *Local governance and development*. UNDP.

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ရှိ ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ဖလမ်း ဩဂုတ် ၁၃

အကြမ်းဖက် ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ရှိ ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရုံးများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးက ယနေ့တွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး အမိုးလဲလှယ်နေမှု၊ မြို့နယ်ဦးစီးမှူးရုံး၊ အဆောက်အအုံနံရံများနှင့် ပြတင်းတံခါးများ ပြင်ဆင်နေမှု၊ မြို့နယ်အခွန်ဦးစီးဌာနရုံး ကြမ်းခင်းများ ပြန်လည်ပြုပြင်နေမှု၊ မြို့နယ် သမဝါယမဦးစီးဌာနရုံး ဝန်ထမ်းအိမ်ရာ အမိုးနှင့်ကြမ်းခင်းများ ပြန်လည်ပြုပြင်နေမှုနှင့် ရုံးအဆောက်အအုံ အမိုးများ လဲလှယ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

အလားတူ တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အဆောက်အအုံ၊ မြို့မရဲစခန်း အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ နှစ်ထပ်၊ မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနပိုင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း စားရိပ်သာ အဆောက်အအုံ၊ တီးတိန်မြို့ခုတင် (၁၀၀) ဆံ့ပြည်သူ့ဆေးရုံအဆောက်အအုံ ပြတင်းတံခါးမှန်များ ပြင်ဆင်နေမှုနှင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် မြို့တွင်း မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအတွင်းရေးမှူးသည် တစ်စိတ်တစ်ပိုင်းပြုပြင်ရမည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း နည်းပြအိပ်ဆောင်၊ ခုတင် (၅၀) ဆံ့ပြည်သူ့ဆေးရုံ၊ မြို့နယ်လျှပ်စစ်ရုံးပြုပြင်ခြင်းနှင့် မြို့နယ်ဥပဒေရုံး ပြုပြင်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ် တက်နေဝင်းရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

သထုံ ဩဂုတ် ၁၃

မွန်ပြည်နယ် သထုံမြို့နယ် တက်နေဝင်းရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က အဆိုပါ အသင်းရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာစိုးက အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းတို့ကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ဆက်လက်၍ အသင်းအမှုဆောင်သစ်များကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်၍ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ရွေးချယ်ကြကာ အသင်းသားအားလုံးတို့၏ အတည်ပြုချက်ရယူ၍ ဖွဲ့စည်းပေးခဲ့ပြီး အသင်းသားများအား အစုပေါ် အမြတ်များ၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကျုံပျော်မြို့၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်

ကျုံပျော် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျုံပျော်မြို့ ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် မြို့၏ အဓိက ရေထွက်ပေါက်ဖြစ်သည့် ကျုံပျော်-ရေကြည် ကားလမ်းနံဘေး ရေနုတ်မြောင်းမကြီးအား တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ရေနုတ်မြောင်းမကြီး အရှည် ပေ ၁၁၀၀ အပိုင်းအား လူအင်အား၊ အဖွဲ့ပိုင်စက်ယန္တရားအင်အားတို့ဖြင့် တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ထိုသို့ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမောင်မောင်ဦး၊ မြို့မိမြို့ဖ ဦးသိန်းမြင့်ဆောင်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့က ကွင်းဆင်းကြည့်ရှုကာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**



# မြဝတီမြို့၌ ပြည်သူ့စကားဝိုင်း ကျင်းပ

မြဝတီ ဩဂုတ် ၁၃

ကရင်ပြည်နယ် မြဝတီမြို့တွင် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကိုယနေ့နံနက်ပိုင်းက အမှတ် (၄)ရပ်ကွက် တောရဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲလင်းမောင်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြို့ရွာပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေးနှင့် မိမိပတ်ဝန်းကျင်သန့်ရှင်းလှပစေရေးတို့အတွက် ထိန်းသိမ်းရမည့်နည်းလမ်းများနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများ စသည်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**



# အောင်ဘာလေသိန်းဆုဌာနခွဲ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော



ရန်ကုန် ဩဂုတ် ၁၃

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၃)၏ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစောဆွေက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (ရန်ကုန်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ မြန်မာ့လက်ရွေးစင်မှ**

စာချုပ်ချုပ်ဆိုပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က နည်းပြသစ်ခန့်အပ်ရခြင်း၊ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ အနာဂတ်စီမံကိန်းနှင့် ၂၀၃၁ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိရေး ကြိုးပမ်းမည့် အစီအစဉ်များကို ပြောကြားသည်။ ယင်းနောက် နည်းပြသစ်ကောလင်းဘဲလ်နှင့်အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်တို့ သုံးနှစ်သက်တမ်းစာချုပ်ချုပ်ဆိုခဲ့သည်။ ထို့နောက် တက်ရောက်လာသောမီဒီယာများ၏ မေးမြန်းမှုများအပေါ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် နည်းပြသစ်ကောလင်းဘဲလ်တို့က ပြန်လည်ဖြေကြားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နည်းပြချုပ်နှစ်ဦး ပြောင်းလဲခဲ့ပြီး မေလတွင် ဂျပန်နိုင်ငံသား မစ်ဆုအိုကာတို ကို ခန့်အပ်ခဲ့သော်လည်း လပိုင်းအကြာတွင်အပြောင်းအလဲပြုလုပ်ပြီး အင်္ဂလန်နိုင်ငံသား ကောလင်းဘဲလ်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ကောလင်းဘဲလ်သည် နည်းပြဘဝတွင် ကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ရာသီ UEFA အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဖရန့်ဖတ်အသင်းကို ချန်ပီယံဆုရအောင် စွမ်းဆောင်ပေးခဲ့သည်။ ထို့ပြင် လက်ရွေးစင်အသင်းအနေဖြင့် အိုင်ယာလန်၊ တောင်ကိုရီးယား အမျိုးသမီးအသင်းများကို ကိုင်တွယ်ခဲ့ပြီး တရုတ် ယူ-၂၀ အမျိုးသမီးအသင်းကို နောက်ဆုံးကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ်သစ် ကောလင်းဘဲလ်သည် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဂျပန်နိုင်ငံ၌ကျင်းပမည့် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - စိုးညွန့်သော်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ အသက် ငါးနှစ်အောက် ကလေးငယ် ၁၀ ဦးလျှင် တစ်ဦးနီးပါး အာဟာရချို့တဲ့မှုဒဏ် ခံစားနေရ



**ကဘူး ဩဂုတ် ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ၌ အသက် ငါးနှစ်အောက် ကလေးငယ် ၁၀ ဦးလျှင် တစ်ဦးနီးပါးသည် ပြင်းထန်သော အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လျှော့ချခံရမှုကြောင့် လူသန်းပေါင်းများစွာ၏ ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်သည့် အခွင့်အလမ်းများ ကန့်သတ်ခံထားရကြောင်း Save the Children အဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့် လေးနှစ်အတွင်း အသက် ငါးနှစ်အောက် ကလေးငယ်များအကြား ပြင်းထန်သော အာဟာရချို့တဲ့မှုနှုန်းမှာ ၁၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ကလေးငယ်ပေါင်း ၃ ဒသမ ၇ သန်းခန့်အထိ ထိခိုက်ခံစားရမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

အစီရင်ခံစာအရ ရန်ပုံငွေ လိုအပ်ချက်များကြောင့် ကျန်းမာရေးစင်တာပေါင်း ၆၀၀ နီးပါး ပိတ်သိမ်းခြင်း သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခြင်းများ ဖြစ်ပေါ်ခဲ့ရာ လူဦးရေ လေးသန်းခန့်အပေါ် သက်ရောက်မှုရှိခဲ့ပြီး မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်မှုကိုလည်း ပိုမိုကန့်သတ်ခံနေရကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံသို့ ရှားပါးပုတ်သင်ညိုများ တရားမဝင် သယ်ဆောင်လာသည့် မက္ကဆီကိုနိုင်ငံသားတစ်ဦးအား ဖမ်းဆီး




**ဆိုးလ် ဩဂုတ် ၁၃**

တောင်ကိုရီးယားနိုင်ငံမှတစ်ဆင့် ဂျပန်နိုင်ငံသို့ ရှားပါးပုတ်သင်ညိုမျိုးစိတ်များကို တရားမဝင် သယ်ဆောင်လာရန် ကြိုးပမ်းခဲ့သည့် မက္ကဆီကို နိုင်ငံသား အမျိုးသားတစ်ဦးကို တိုကျိုရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ဒန်နီယယ် ဗီလာစကို ဘော်တာဇာက ပြီးခဲ့သည့် ဩဂုတ် ၈ ရက်တွင် တိုကျိုမြို့ရှိ ဟာနီဒါလေဆိပ်မှတစ်ဆင့် အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ ပုတ်သင်ညိုမျိုးစိတ်ကိုးကောင်ကို ဂျပန်နိုင်ငံ၏ အကောက်ခွန်ဥပဒေကို ချိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ပုတ်သင်ညိုများသည် မက္ကဆီကိုနိုင်ငံ၏ တောင်ပေါ်ဒေသများတွင်သာ တွေ့ရှိရသည့် မျိုးစိတ်များ ဖြစ်ကြသည်။ ၎င်းပုတ်သင်ညိုများကို နိုင်ငံဖြတ်ကျော်ရောင်းဝယ်ဖောက်ကားခြင်းအား 'မျိုးသုဉ်းလုနီးပါးဖြစ်နေသော တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်'အရ ကန့်သတ်ထားပြီး နိုင်ငံတွင်းသို့ တင်သွင်းလိုပါက အစိုးရ၏ ခွင့်ပြုချက် လိုအပ်ကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံသားတစ်ဦးသည် ပုတ်သင်ညိုများကို တရားမဝင်သယ်ဆောင်လာရန် ကြိုးပမ်းနေကြောင်း သတင်းရရှိသဖြင့် တိုကျိုရဲတပ်ဖွဲ့က ဇူလိုင်လအတွင်းတွင် အကောက်ခွန်အရာရှိများအား အသိပေးအကြောင်းကြားခဲ့ခြင်းဖြစ်သည်။ ယင်းနောက် အကောက်ခွန်အရာရှိများက စစ်ဆေးမှုပြုလုပ်စဉ် အဆိုပါ ပုတ်သင်ညိုများကို တွေ့ရှိခဲ့သည်။ ၎င်းပုတ်သင်ညိုများကို ခြေအိတ်များအတွင်း ထည့်သွင်းပြီး တီရှပ်များဖြင့် ပတ်ထုပ်ထားခဲ့ခြင်း ဖြစ်သည်။

အကောက်ခွန်အရာရှိများက သံသယရှိသူ၏ ခရီးဆောင်အိတ်အတွင်းမှ မျိုးစိတ်အမျိုးမျိုးရှိ ပုတ်သင်ညိုကောင်ရေ ၂၀၀ ခန့်ကို တွေ့ရှိခဲ့သည်။

သံသယရှိသူက တရားမဝင် သယ်ဆောင်မှုစွဲချက်ကို ဝန်ခံထားပြီး အဆိုပါ ပုတ်သင်ညိုများကို မက္ကဆီကိုနိုင်ငံ၌ တစ်ကောင်လျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာမှ ၅ ဒေါ်လာခန့်ဖြင့် ဝယ်ယူခဲ့ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အီရန်နိုင်ငံသို့ ဦးတည်ရွက်လွှင့်လာသည့် ပနားမားနိုင်ငံအလံတင် ကုန်တင်သင်္ဘောတစ်စင်းကို အမေရိကန်တပ်ဖွဲ့က ပစ်ခတ်တားဆီး

**ဝါရှင်တန် ဩဂုတ် ၁၃**

အီရန်နိုင်ငံသို့ ဦးတည်ရွက်လွှင့်လာသည့် ပနားမားနိုင်ငံအလံတင် ကုန်တင်သင်္ဘောတစ်စင်းကို အမေရိကန်တပ်ဖွဲ့က ပစ်ခတ်တားဆီးခဲ့ကြောင်း သိရသည်။

**ထုတ်ပြန်ကြေညာ**

အီရန်နိုင်ငံရှိ ဆိပ်ကမ်းတစ်ခုဆီသို့ ဦးတည်ရွက်လွှင့်ကာ အီရန်အပေါ် ချမှတ်ထားသော အမေရိကန်၏ ပိတ်ဆို့မှုများကို ချိုးဖောက်ရန် ကြိုးပမ်းခဲ့သည့် အဆိုပါ သင်္ဘော၏ ဦးထိန်းစနစ်ကို ဖျက်ဆီးခဲ့ကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်က ယမန်နေ့တွင် လူမှုကွန်ရက်မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

သင်္ဘောသားများအနေဖြင့် သတိပေးချက်များကို လျစ်လျူရှုခဲ့ပြီးနောက် အမေရိကန်ရေတပ် ရဟတ်ယာဉ်တစ်စင်းက အဆိုပါ သင်္ဘော၏ စက်ခန်းအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့က ယင်းသို့ တားမြစ်ပြီးနောက် အဆိုပါသင်္ဘောသည် အီရန်နိုင်ငံသို့ ဆက်လက်သွားရောက်ခြင်းမရှိတော့ကြောင်း ၎င်းတို့က ထပ်လောင်းပြောကြားခဲ့သည်။

ဇူလိုင် ၁၄ ရက်နေ့တွင် စတင်ခဲ့သော လက်ရှိ ရေကြောင်းပိတ်ဆို့မှု ကာလအတွင်း အခြားသင်္ဘောသုံးစင်းကို မောင်းနှင်၍ မရနိုင်စေရန် လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့က ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ပေါ်တူဂီဘောလုံးသမားစီရော်နယ်ဒို လက်ထပ်

**ကာစကိုင်စ် ဩဂုတ် ၁၃**

ပေါ်တူဂီနိုင်ငံသား ဘောလုံးအကျော်အမော် ခရစ်တီရာနိုရော်နယ်ဒိုနှင့် ၎င်း၏ ချစ်သူ ဂေါ်ဂျီနာရော်ဒရီဂတ်စ်တို့သည် ပေါ်တူဂီနိုင်ငံ ကမ်းခြေမြို့ဖြစ်သည့် ကာစကိုင်စ်မြို့တွင် ဩဂုတ် ၁၂ ရက်က လက်ထပ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။



အသက် ၄၁ နှစ်အရွယ် ရော်နယ်ဒိုက ၎င်း၏အင်စတာဂရမ်အကောင့်တွင် လက်ထပ်လက်စွပ်များပါဝင်သည့် လက်များကို ဓာတ်ပုံရိုက်ပြီး "C (နှလုံးသား) G" ဟု အမိပ္ပာယ်ရသည့် စာတန်းကို မျှဝေခဲ့သည်။

အသက် ၃၂ နှစ်အရွယ် မော်ဒယ်တစ်ဦးဖြစ်သည့် ရော်ဒရီဂတ်စ်က အင်စတာဂရမ်တွင် ၎င်းတို့စေ့စပ်ကြောင်းလမ်းကြောင်း ကြေညာပြီး တစ်နှစ်အကြာတွင်ယခုကဲ့သို့ လက်ထပ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်နွေရာသီကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပေါ်တူဂီအသင်း ၁၆ သင်းအဆင့်မှ ထွက်ခဲ့ရပြီးနောက် စီရော်နယ်ဒိုသည် လက်ရှိတွင် ဆော်ဒီဘောလုံးအသင်း Al Nassr တွင် ကစားနေကြောင်းသိရသည်။

မန်ချက်စတာယူနိုက်တက်၊ ရီးရဲလ်မက်ဒရစ်နှင့် ဂျူဗင်တပ်စ်တိုက်စစ်မှူးဟောင်းဖြစ်သည့်၎င်းသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးကစားသမားအတွက် ပေးအပ်သည့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအားငါးကြိမ်ရရှိခဲ့ကြောင်း သိရသည်။ **ကိုးကား–VN Express**
**ဘာသာပြန် –စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံတွင် လျှပ်စစ်ဆိုင်ကယ်ထုတ်လုပ်ရေးအစီအစဉ် ဆောင်ရွက်

**ဂျကာတာ ဩဂုတ် ၁၃**

အင်ဒိုနီးရှားနိုင်ငံတွင် လျှပ်စစ်ဆိုင်ကယ်ထုတ်လုပ်ရေးအစီအစဉ်အား သမ္မတပရာဘိုဝို ဆူဘီရန်တိုက ဩဂုတ် ၁၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အနောက် ဂျဗားပြည်နယ် ဆီကာယန်မြို့ရှိ လျှပ်စစ်ဆိုင်ကယ်ထုတ်လုပ်ရေး အလုပ်ရုံတွင် အဆိုပါအစီအစဉ်အား စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားနည်းပညာစွမ်းအားကို ပြည်တွင်းစွမ်းအားစုများဖြင့် တည်ထောင်ခြင်း၏အရေးကြီးပုံကို သမ္မတပရာဘိုဝိုဆူဘီရန်တိုက အခမ်းအနားတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။



ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ၏ ပေါင်းစည်းဆောင်ရွက်ခြင်းဆိုင်ရာ ဥပမာကို ကောင်းစွာဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုသည် နည်းပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ခြင်းဖြစ်ကြောင်းနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကိုနည်းပညာ အသုံးပြုနိုင်စွမ်းဖြင့် ဆုံးဖြတ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ယခုအစီအစဉ်သည် စက်မှုလုပ်ငန်းနှင့် ထုတ်လုပ်မှုဆိုင်ရာ အမျိုးသားဇီဝစနစ် အားတည်ထောင်ခြင်းဖြစ်ပြီး ၎င်း၏ လုပ်ငန်းများတွင် လျှပ်စစ်ယာဉ်များအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ လျှပ်စစ်ယာဉ်ထုတ်လုပ်ရေးနှင့် ဈေးကွက်ဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ အကျုံးဝင်ကြောင်း သိရသည်။

**ကိုးကား –ဆင်ဟွာ**
**ဘာသာပြန် –စိုးသူရ**

## ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ နယ်မြေခံ တပ်ရင်းများ၌ အသီးသီးပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၆၆/၃၃/၁၁ ကေဗွီ (၃၀+၃၀+၂၀) အမ်ဗွီအေ မော်လမြိုင် (ငန်းတေး) ဓာတ်အားခွဲရုံ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ၆၆/၃၃/၁၁ ကေဗွီ (၃၀+၃၀+၂၀) အမ်ဗွီအေ မော်လမြိုင် (ငန်းတေး) ဓာတ်အားခွဲရုံကို လိုအပ်သည့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာလုပ်ငန်းများ ဆောင်ရွက်နေစဉ် အဆိုပါ ဓာတ်အားခွဲရုံမှ ဓာတ်အား ဖြန့်ဖြူးပေးထားသော မော်လမြိုင်မြို့ပေါ် ၁၈ ရပ်ကွက်နှင့် ကျေးရွာ ကိုးရွာ၊ ကျိုက်မရောမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၄၁ ရွာ၊ မုဒုံမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၃၅ ရွာတို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသဖြင့် ဓာတ်အားပြတ်ဧရိယာများရှိ စက်ရုံ/အလုပ်ရုံများနှင့် ဓာတ်အားသုံးစွဲသူ ပြည်သူများကို ကြိုတင်အကြောင်းကြားထားပြီး ဖြစ်သည်။

ထို့အတူ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုများအား နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ တီကျစ်–ကလောဓာတ်အားလိုင်း၏ လက်ရှိအလူမီနီယံသတ္တု လျှပ်ကူးကြိုး (ACSR) ကို ဝန်အားနှစ်ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုင်ဘာအူတိုင် အလူမီနီယံ ဓာတ်အားလိုင်းကြိုး (ACCC) ဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများကို ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီမှ ဩဂုတ် ၁၆ ရက် ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်စဉ် လိုအပ်ပါက ဝန်အားထိန်းညှိဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် ပြည်သူသို့ အသိပေးထားပြီး ဖြစ်ကြောင်းနှင့် ဓာတ်အားလိုင်းကြိုး လဲလှယ်ပြီးပါက ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ် ကွန်ရက်သို့ ပိုမိုပို့လွှတ်နိုင်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပခုက္ကူမြို့ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



ပခုက္ကူ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပခုက္ကူမြို့ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက အမှတ်(၁) ရပ်ကွက် ကျောက်စေတီဘုရားဝင်းရေဘေးကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။

ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များက ပခုက္ကူမြို့ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၁၀) ရပ်ကွက်တို့ရှိ ရေဘေးသင့်အိမ်ထောင်စု ၁၆၀၊ လူဦးရေ ၆၄၄ ဦးတို့အား အိမ်ထောင်စု တစ်စုလျှင် ဆန်လေးပြည်၊ ဆီ ၂၅ကျပ်သား၊ ကြက်ဥ ၁၀လုံး၊ ခေါက်ဆွဲခြောက် ငါးထုပ်နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်ထက်ကျော်လွန်မြင့်တက်ဆဲဖြစ်သဖြင့် အမှတ်(၁၈၊၁၀၊၁၃၊၁၄)ရပ်ကွက်များနှင့် ကျွဲတဲကျေးရွာအုပ်စု၊ ကုက္ကိုလှကျေးရွာအုပ်စု၊ လယ်ယာကျေးရွာအုပ်စုတို့ရှိ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၉၃စု၊ လူဦးရေ ၂၀၄၉ဦးတို့အား ကူညီပြောင်းရွှေ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ အရေးပေါ်သုံးထောက်ပံ့ပစ္စည်းများ၊ ဆန်ရိက္ခာဖိုးနှင့် အခြေခံစားသောက်ဖွယ်ရာများပေးအပ်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## လှည်းကူးမြို့၌ တောင်သူများအား သွင်းအားစုနှင့် ပံ့ပိုးငွေပေးအပ်

လှည်းကူး ဩဂုတ် ၁၃

လှည်းကူးခရိုင် လှည်းကူးမြို့နယ်၌ ၂၀၂၆–၂၀၂၇ မိုးစပါးရာသီအတွက် Rice Export Zone နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းတွင် ပါဝင်သော တောင်သူများအား သွင်းအားစုနှင့် ပံ့ပိုးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက အမှာစကား ပြောကြားကြပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းအောင်က စီမံကိန်းဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ Myanma Awba Industries Co.,Ltd ၊ Lynn & Latt Co.,Ltd၊ Aung Naing Thitsa Co.,Ltd ၊ MAYLP Co.,Ltd တို့မှ တာဝန်ခံများနှင့် သမဝါယမဦးစီးမှူးက စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ Rice Export Zone ဧက ၃၃၀၀ အတွက် စိုက်ပျိုးစရိတ် ပံ့ပိုးချေးငွေ ပေးအပ်ခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း ဧက ၃၂၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေနှင့် ညီမျှသော သွင်းအားစု ပေးအပ်ခြင်းကို စီမံကိန်းတွင်ပါဝင်သော တောင်သူ ၅၀ အား တာဝန်ရှိသူများကပေးအပ်ခဲ့ကြောင်း သိရသည်။

**အိချွေစင်လတ်(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်၌ မိုးဆီထွက်သီးနှံ မကွေး(၁၆)မျိုး မြေပဲ စံပြကွက်ရိတ်သိမ်းပွဲကျင်းပ

ဥတ္တရသီရိ ဩဂုတ် ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာအုပ်စု တက်ရှိန်းကျေးရွာ ကွင်းအမှတ် (၁၈၉၉) တောင်သူဦးရွှေငြိမ်း၏ စိုက်ဧက ငါးဧကစိုက်ခင်း၌ မိုးဆီထွက်သီးနှံ မကွေး(၁၆) မျိုး မြေပဲစံပြကွက်ကို ယမန်နေ့နံနက်ပိုင်းက ရိတ်သိမ်းခဲ့သည်။

အဆိုပါ စံပြကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)၊ ဆီထွက်သီးနှံဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကွင်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး မြေပဲတစ်ဧက ပျမ်းမျှအထွက်နှုန်း အစိုတင်း ၁၂၀၊ အခြောက် ၉၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**





## ကျွန်းလှမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲ ကျင်းပ

ကျွန်းလှ ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ရွာသီကျေးရွာအုပ်စုနှင့် မကျည်းအင်းကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး ဦးဝင်းထက်သွင်နှင့် တာဝန်ရှိသူတို့က ကျောင်းသား ကျောင်းသူ ၂၉၄ ဦးအား တစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

မုံရွာ ဩဂုတ် ၁၃

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၈၄ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၇၇ ဦး တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ ကြယ်ပွင့်ပြထားသည့် မေးခွန်း ၁၁ ခုကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြေကြားကြပြီး ယင်းမာပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်နိုင်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူငယ်များ၏ အနာဂတ်လုံခြုံရေးနှင့် လူမှုအသိုင်းအဝိုင်း၏ တည်ငြိမ်အေးချမ်းရေးအတွက် ထိရောက်သော အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်း အဆိုတင်သွင်း၍ ကလေးဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရဲနောင်က ထောက်ခံဆွေးနွေးကာ အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကျင်းပ

မော်လမြိုင် ဩဂုတ် ၁၃



တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ်(၈)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းခြောက်ခုကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ မွန်ပြည်နယ်စာရင်းစစ်ချုပ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းဆွေးနွေးကာ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ယင်းနောက် တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်ကို အနှစ်ချုပ်တင်ပြပြီး တတိယပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်) ခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး အခမ်းအနားမှူးက စာရေးဆရာ ကိုရွှေအောင်သင်း၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားကာ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်"ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးခွန်းများ ပြန်လည်ဖြေကြားပြီး မေးခွန်းများမေးမြန်းဆွေးနွေးခဲ့ကြသည့် ကျောင်းသားများအား အမှတ်တရလက်ဆောင်နှင့် ကိုယ်တိုင်ရေးစာအုပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်တာက အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုးထွန်း(ဇမ္ဗူသီရိ)**



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေး

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံ အလုပ်သမားတစ်ဦး လုပ်ငန်းခွင်တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ခွင့်ပြုထုတ်ပေးသည်။

**ခွင့်ပြုထုတ်ပေး**

အဆိုပါ Hlaing River Golf & Country Club Co.,Ltd မှ အာမခံ အလုပ်သမား ဦးပြည့်ဖြိုးအောင်သည် အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၇၆၅၀၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ကျန်ရစ်သူမိသားစုနှင့် တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်၌ ရေဘေးရှောင်စခန်းများသို့ အမှိုက်ပုံးများနှင့် စွမ်းအားမြှင့်(A1)မီးဖိုများပေးအပ်

ညောင်ဦး ဩဂုတ် ၁၃



မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင် ဦးဆောင်၍ ရေဘေးရှောင်စခန်းများသို့ အမှိုက်ပုံးလေးမျိုးနှင့် စွမ်းအားမြှင့်(A1)မီးဖိုများကို ယနေ့နံနက်ပိုင်းက ပေးအပ်သည်။

ဆက်လက်၍ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ချောက်ဘုရားလှအနီး ဧရာဝတီမြစ်ရေ၊ ဗူးဘုရားအနီး ဧရာဝတီမြစ်ရေ စသည့် မြေပေါ်ရေအရည်အသွေးကို မြေပြင်ကွင်းဆင်းတိုင်းတာ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## ကျွန်းစုမြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မြိတ် ဩဂုတ် ၁၃

တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက သန္တာကျွန်းကျေးရွာပတ်လမ်းတွင် ဆောင်ရွက်ပြီးနှင့် ဆက်လက်ဆောင်ရွက်မည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ကျေးရွာပတ်လမ်း နှစ်မိုင်ရှိသည့်အနက် (၀/၄ ဒသမ ၉၃)မိုင်အား ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မည့် လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ဆောင်ရွက်ပြီးစီးခဲ့သော လမ်းပိုင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

**၁၃ - ၈ -၂၀၂၆ ရက်နေ့**

**ဓာတ်သတ္တု(ရွှေ)**

**ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗ စင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း**မှာ ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘောအသင်းအား ဂုဏ်ပြု




မန္တလေး ဩဂုတ် ၁၃

တောင်ကြီးမြို့၌ ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဘတ်စကက်ဘော အသင်းသည် ငါးယောက်တွဲ အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ တံခွန်စိုက်ဆုနှစ်ဆု၊ သုံးယောက် တွဲ အမျိုးသားဘတ်စကက်ဘော ပြိုင်ပွဲတွင် ဒုတိယဆုနှင့် အကောင်းဆုံး အားကစားသမား ဆု နှစ်ဆုတို့ကို ရရှိခဲ့သည်။

အဆိုပါ အားကစားသမားများ အား ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်း တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်ထံ တိုင်းဒေသကြီး အမျိုးသား/ အမျိုး သမီး ဘတ်စကက်ဘောအသင်း က ပထမတံခွန်စိုက်ဆုဖလားကို အပ်နှံကြသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ က ပထမတံခွန်စိုက်ဆုရရှိခဲ့သည့် ငါးယောက်တွဲ အမျိုးသား၊ အမျိုး သမီး ဘတ်စကတ်ဘောအသင်း၊ ဒုတိယဆုရရှိသည့် သုံးယောက်တွဲ အမျိုးသား ဘတ်စကက်ဘော အသင်း၊ အမျိုးသားအကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမား ဆုရရှိသူများအား ဂုဏ်ပြုဆုငွေ များ ပေးအပ်ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် Falcon အသင်း နိုင်ပွဲရယူ




Falcon အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဩဂုတ် ၁၃

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပထမအကျော့နောက်ဆုံးရက် သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၃) ပထမနေ့ကို ဩဂုတ် ၁၃ ရက်က YUSC ကွင်း၌ ကျင်းပရာ Falcon အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Falcon အသင်းသည် ပထမအကျော့နောက်ဆုံးပွဲကို အနိုင်ရလဒ်ဖြင့် အဆုံးသတ် နိုင်ခဲ့ပြီး သစ္စာအားမာန်အသင်းမှာမူ ယခုရှုံးပွဲကြောင့် အဆင့် ၄ နေရာ အတွက် ဖိအားဝင်သွားခဲ့ရသည်။ Falcon အသင်းအတွက် အနိုင်ဂိုးများ ကို ဝင်းမင်းသန့်က ၅၁၊ ၇၀ မိနစ်တို့တွင် သွင်းယူခဲ့သည်။

ပွဲစဉ် (၁၃) ဒုတိယနေ့ကို ဩဂုတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပ မည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာ သိပ္ပံအသင်း၊ သန်လျင်သီဟဒီပကွင်း၌ Galaxy အသင်းနှင့် Chinland အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MNL**

# မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ ပြေး/ခုန်/ပစ် အားကစားပြိုင်ပွဲ ကျင်းပ



မူဆယ် ဩဂုတ် ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် မြို့နယ်ပညာရေးမှူး ဖလား ကျောင်းပေါင်းစုံ ပြေး/ခုန်/ပစ် အားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အားကစားကွင်း၌ ကျင်းပ သည်။

အဆိုပါပြိုင်ပွဲတွင် မူဆယ် မြို့နယ်ပညာရေးမှူး ဒေါ်ချိုက အမှာစကား ပြောကြားပြီး အားကစားနည်းပြက ပြိုင်ပွဲများ အကြောင်းကို ရှင်းလင်းပြောကြား သည်။ ဆက်လက်၍ အားကစား ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ ကျား/မ မီတာ ၁၀၀၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲနှင့် မ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ ကျား မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ ကျား/မ လက်ဆင့် ကမ်းအပြေးပြိုင်ပွဲ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်နှင့် အလျား ခုန်ပြိုင်ပွဲတို့ကို ကျင်းပရာ မူဆယ်မြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်း များမှ ကျောင်းသား ကျောင်းသူ ၃၅၀ ကျော်က ပါဝင်ယှဉ်ပြိုင်ကြ သည်။

ထို့နောက် ပြိုင်ပွဲများတွင် တစ်ဦးချင်းဆု၊ တံခွန်စိုက်ဒိုင်း ဒုတိယဆုနှင့် တတိယဆု ရရှိကြ သည့် ကျောင်းသား ကျောင်းသူ များအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ပြီး တံခွန်စိုက်ဒိုင်း ပထမဆုရရှိသည့် ICTC ကိုယ်ပိုင် ကျောင်းအား ဒိုင်းဆုနှင့်တကွ ငွေသားဆုကို မြို့နယ်ပညာရေးမှူး က ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✪ ကျောဖုံးမှ

အဆင့်အတန်း ပိုမိုတိုးတက်လာစေရန် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တို့ပူးပေါင်း၍ ဩဂုတ် ၁၃ ရက်မှ ၂၀ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလို လူသစ်တန်းပြိုင်ပွဲ ပွဲစဉ် တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဆန်းနိုင်ဌေး(အနီ)နှင့် မွန်ပြည်နယ် အသင်းမှ ကျော်ကျော်ဌေး(အပြာ)တို့ ယှဉ်ပြိုင်ရာ ကျော်ကျော်ဌေး (အပြာ)ကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ရန်ပိုင်ဦး (အနီ)နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မင်းဘုန်းမြင့်(အပြာ)တို့ ယှဉ်ပြိုင်ရာ မင်းဘုန်းမြင့် (အပြာ)ကလည်းကောင်း၊ ကရင်ပြည်နယ် အသင်းမှ ဖိုးသဲ(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခေါ်ဆောင် (အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ဖိုးသဲ(အနီ)ကလည်းကောင်း၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စောချစ်ရအောင်(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဖြိုးမင်းသန်း (အပြာ)တို့ယှဉ်ပြိုင်ရာ ဖြိုးမင်းသန်း(အပြာ)ကလည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီးအသင်းမှ သန့်ဇင်ပိုင်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ လင်းသူရအောင်(အပြာ)တို့ ယှဉ်ပြိုင်ရာ လင်းသူရအောင် (အပြာ)ကလည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ နော်ဆိုင်းမော်(အနီ) နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ထက်လင်းစံ(အပြာ) တို့ ယှဉ်ပြိုင်ရာ ထက်လင်းစံ(အပြာ)ကလည်းကောင်း အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီးအသင်းမှ ရန်မျိုးအောင်(အနီ)နှင့် ကယားပြည်နယ် အသင်းမှ မာတေးအူ(အပြာ)တို့ ယှဉ်ပြိုင်ရာ ရန်မျိုးအောင်(အနီ)က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စောသမှူး(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်ထက်ကို(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ထက်ကို(အပြာ)ကလည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ နိုင်ထက်ဦး (အနီ)နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သော်စော (အပြာ)တို့ ယှဉ်ပြိုင်ရာ နိုင်ထက်ဦး(အနီ)ကလည်းကောင်း၊ အမျိုးသား ၆၀ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းမှ သန်းဇော်ဦး(အနီ)နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ လွင်မင်းထင် (အပြာ)တို့ ယှဉ်ပြိုင်ရာ သန်းဇော်ဦး(အနီ)ကလည်းကောင်း၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ စောဟုပ်ဂွိုင်းလင်း(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောပစောဖော(အပြာ)တို့ ယှဉ်ပြိုင်ရာ စောပစောဖော(အပြာ)ကလည်း ကောင်း၊ ကယားပြည်နယ်အသင်းမှ ထွန်းထွန်းနိုင်(အနီ)နှင့် စစ်ကိုင်း တိုင်းဒေသကြီးအသင်းမှ ထန်ခန့်ထွန်း(အပြာ)တို့ယှဉ်ပြိုင်ရာ ထွန်းထွန်းနိုင် (အနီ)ကလည်းကောင်း၊ အမျိုးသား ၅၇ ကီလို (ဂ အဆင့်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဒွေးကို(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ချစ်ကိုနိုင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဒွေးကို(အနီ)ကလည်းကောင်း၊ ရှမ်း ပြည်နယ်အသင်းမှ ဇင်မင်းစိုး (အနီ)နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဝိုင်းချစ်ထွန်း(အပြာ)တို့ယှဉ်ပြိုင်ရာ ဝိုင်းချစ်ထွန်း(အပြာ)ကလည်း ကောင်း၊ ကရင်ပြည်နယ်အသင်းမှ စောစိုးဒို့(အနီ)နှင့် ကချင်ပြည်နယ် အသင်းမှ သန့်ဇင်ဖြိုး(အပြာ)တို့ယှဉ်ပြိုင်ရာ စောစိုးဒို့(အနီ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၄ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို (ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၃.၅ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသမီး ၄၈ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ မုန်တိုင်းငယ်မှ

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တွင် မြောက်လတ္တီကျု ၂၂ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ် နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ၊ အနောက် ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော် နိုင်ကာ ဂျက်ခမ်းပြည်နယ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီး ခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင် ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြ သူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

## "ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွန်းသည် အောက်ဖော်ပြပါ "မီးရဲ့ဦး" ကုန်အမှတ်တံဆိပ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားချက်အမှတ်(T/2026/003800)ဖြင့် မူပိုင်ခွင့်မှတ်ပုံတင်ရန် (၁၁-၇-၂၀၂၆)နေ့က တရားဝင်လျှောက်ထားဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်-




အထက်ပါ ကုန်အမှတ်တံဆိပ်ဖြင့် အရည်အသွေးပြည့်ဝသော ဆပ်ပြာဆီများ၊ ကြေးချွတ်သန့်ရှင်းရေးသုံး အဆီများအား ကိုယ်တိုင်ထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ တစ်ဦးတည်း လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အဆိုပါ ကုန်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်းများ၊ ဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချခြင်းများ၊ ကိုယ်စားလှယ်ရယူထားခြင်းမရှိဘဲ ကိုယ်စားလှယ်သဖွယ် ရောင်းချခြင်းများ၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကြော်ငြာ၍ရောင်းချခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်း စုံစမ်းတွေ့ရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရဲထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်အောင်(LL.B) အထက်တန်းရှေ့နေ (စဥ်-၅၃၂၈၈/၂၀၂၀)**
**အမှတ်(၂၀၈)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။**
**(ဖုန်း-၀၉-၇၆၉၄၅၁၃၆၂)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၈၇၈/ခ၊ မြေကွက်တည်နေရာအမှတ်-၈၇၈/ခ၊ ၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်မြင့်မြင့်ဝင်း [၅/မမတ(နိုင်) ၀၂၅၈၄၇]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ပါမစ်ပျောက်ဖြင့် ထုတ်ယူထားသော နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ၂-ထပ်ခွဲတိုက် ၁-လုံးရှိပြီး အိမ်ငှားများထားရှိပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း အိမ်ငှားထားရှိခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝအား တာဝန်ယူကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မြင့်မြင့်ဝင်းမှ ပါမစ်ပျောက် ဂရန်တင်ပြ၍ အရောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်မြတ်မြတ်ခိုင်သွင် [၁၂/ဗတထ(နိုင်) ၀၀၇၆၇၂]အား အကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ်(၁၀၅၀)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ (ထောင့်ကွက်ခြမ်း) (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား လူကြီးမင်းမှ "မြေနှင့်နေအိမ် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်ခင်သက်လွင်ထံသို့ လွှဲပြောင်းရောင်းချခဲ့ပါသည်။

ယခုအခါ ဖော်ပြပါ မြေကွက်နှင့်နေအိမ်အား ဒေါ်ခင်သက်လွင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်လိုအပ်ပါ၍ လူကြီးမင်းအား ဆက်သွယ်ရှာဖွေ၍ မရရှိသဖြင့် ယခုသတင်းစာကြော်ငြာအား ထုတ်ဆင့်ရခြင်းဖြစ်ပြီး ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ဒေါ်ခင်သက်လွင် (သို့မဟုတ်) ၎င်း၏ရှေ့နေထံ ဆက်သွယ်၍ တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် တောင်းဆိုအပ်ပါသည်။ လိုက်နာဆောင်ရွက်ပေးခြင်းမပြုပါက တရားရုံးမှတစ်ဆင့် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမာန်ဗိုလ် (LL.B)**
**အထက်တန်းရှေ့နေ (စဥ်- ၅၅၅၃၁/၂၀၂၃)**
**(Ph- ၀၉-၂၅၄၃၄၆၂၃၄)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃၇

ဆင်မရမ်းဆင်း (ခ) ဦးဆိုနီ ဦးဝင်းကြည်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ကော့သောင်းလမ်း၊ အမှတ်-၅၆၉ နေ တရားပြိုင် ဦးဝင်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဆင်မရမ်းဆင်း(ခ)ဦးဆိုနီက **"ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက် (၁၃၈၈ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စိုးထွန်း )**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဆ)၊ မြေကွက်အမှတ်-၁၁၆ /အီး၊ ၂၄၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၁၁၆/အီး)၊ ဈေးပတ်လမ်း၊ (ဆ)ရပ်ကွက်၊ ဒေါ်မီမီဆွေ [၁၄/ဟသတ(နိုင်) ၁၈၃၄၄၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဝင်းအောင်(ခင်ပွန်း)သည် (၁၁-၁-၂၀၂၆)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ- ကျန်အမည်ပေါက်- ဒေါ်မီမီဆွေ [၁၄/ဟသတ (နိုင်) ၁၈၃၄၄၉]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၆၆၀/၂၁-၅-၂၀၂၆၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ၂၀၀၉ ခုနှစ်က လျှောက်ထားထုတ်ယူခဲ့သော ဘဏ်ငွေချေးရန်မှတ်ချက်ပါသည့် မြေပုံ မြေရာဇဝင်မူရင်းမှာ မိမိ၏လက်ဝယ်တွင် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ စွန့်လွှတ်လှူဒါန်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါကလည်း မိမိအပေါ်တွင်သာ တာဝန်ရှိပါကြောင်း ဝန်ခံကတိကျမ်းကျိန်လွှာအမှတ်- ၁၁၂၇/၄-၆-၂၀၂၆တို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ ဆဒ္ဒံဒူးဝါးလမ်း၊ မြေကွက်အမှတ်(၂၃)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်ဇင်မေကျော်[၁၂/ပဇတ(နိုင်)၀၀၅၃၃၅]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နှင်းနွယ်အေး[၁၂/တမန(နိုင်)၀၆၈၅၀၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မျိုးအောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၄၆၂)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ယဉ်ယဉ်မြင့် [၁၂/အစန(နိုင်) ၀၃၅၆၁၂]နှင့် ဒေါ်ခင်ကျော်ကျော်နိုင် [၁၂/အစန(နိုင်)၀၆၀၂၁၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က/၆)လမ်း၊ မြေကွက်အမှတ်(၅၄၄-ခ)၊ အိမ်အမှတ်(၁၀၈)၊ အလျား (၂၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်မှာ လွန်ခဲ့သော ၂၀၁၀ ခုနှစ် ကတည်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကြည်စိုး၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်မြင့်မြင့်နိုင်၊ မခင်ကျော်ကျော်နိုင် စသည်ဖြင့် မောင်နှမ(၄)ဦး၏ အမည်ပေါက် မြေကွက်ဖြစ်ပါသည်။

အဆိုပါ အိမ်၊ မြေကွက်နှင့်ပတ်သက်ပြီး အထက်ဖော်ပြပါ မောင်နှမ(၄)ဦးမှလွဲ၍ ကျန်ညီအစ်ကို မောင်နှမများ၊ ဆွေမျိုးသားချင်းများ၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့် လုံးဝမရှိပါကြောင်းနှင့် မောင်နှမ(၄)ဦးသာလျှင် တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိမ့်စိမ့်သင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၂၆၆၄၅) (၁၂-၆-၂၀၀၇)**
**အမှတ် (၁၀၂၆)၊ ပြည်သာယာလမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၁၅၇၅၉၅**

## အများသိစေရန်ကြော်ငြာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ကျောက်ပုထိုးလမ်း၊ အမှတ် (C - ၄၈၊ ၄၉၊ ၅၀)နေ ဖခင် ဦးလှကြည် [၁၂/မရက(နိုင်) ၀၇၈၄၀၂]နှင့် မိခင် ဒေါ်ခင်မြမြ [၁၂/မရက(နိုင်)၀၇၉၄၈၈]တို့၏ သမီးအရင်းများဖြစ်သော ဒေါ်ခင်စံပယ်လွင် [၁၂/မရက(နိုင်)၁၁၈၃၀၁]၊ ဒေါ်ခင်စန္ဒာလွင် [၁၂/မရက(နိုင်)၁၁၈၃၀၂]၊ ဒေါ်ခိုင်ခိုင်ထူး [၁၂/မရက(နိုင်)၁၁၈၃၀၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၉၊ မြေကွက်အမှတ်- ၁၆၇၊ ဧရိယာ (၀.၀၅၆)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၆၇)မြိတ်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွယ်လွန်သူဖခင် ဦးလှကြည် [၁၂/မရက(နိုင်)၀၇၈၄၀၂]က လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

၃။ ကျွန်ုပ်မိတ်ဆွေများ၏ဖခင် ဦးလှကြည်သည် (၂၈-၇-၂၀၂၆)ရက်နေ့တွင် လည်းကောင်း၊ မိခင် ဒေါ်ခင်မြမြသည် (၂၄-၁၁-၂၀၂၅)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပါသည်။

၄။ ကျွန်ုပ်မိတ်ဆွေများ၏ ဖခင် ဦးလှကြည်နှင့် မိခင် ဒေါ်ခင်မြမြတို့တွင် ကွယ်လွန်ချိန်အထိ နောက်ထပ်အိမ်ထောင်သစ်ထူထောင်ခဲ့ခြင်း လုံးဝမရှိခဲ့ပါကြောင်းနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးပြီး ကွယ်လွန်ခဲ့ပါကြောင်း၊ ၎င်းအပြင် ကိတ္တိမ မွေးစားသားသမီးလည်း လုံးဝမရှိခဲ့ပါ။

၅။ ကွယ်လွန်သူ ဗုဒ္ဓဘာသာဝင် မိဘနှစ်ပါး ကျန်ရစ်သော အထက်အပိုဒ်-၂ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဖခင် ဦးလှကြည်၊ မိခင် ဒေါ်ခင်မြမြတို့၏ သမီးအရင်းအချာ (၃)ဦးများဖြစ်သော ဒေါ်ခင်စံပယ်လွင်၊ ဒေါ်ခင်စန္ဒာလွင်၊ ဒေါ်ခိုင်ခိုင်ထူး (၃)ဦးတို့က အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့် ၎င်းတို့(၃)ဦး၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါ မြေနှင့်အိမ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြား တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်သူ မည်သူကိုမဆို တည်ဆဲဥပဒေအရ မလွှဲမရှောင်သာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မြတ်ချို( LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၅၆)**
**အမှတ်-၉/၁၁၊ အခန်း (၁၀၃-စီ) ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၉၃၂၆၇၉၄၀**

## အမည်ပြောင်း

ဦးမျိုးကိုကို [၁၂/မရက(နိုင်) ၁၆၀၄၃၅]၏ သား ဗဟန်းမြို့နယ်၊ကောင်းထက်ကျော်ကိုယ်ပိုင် အထက်တန်းကျောင်းမှ Grade -2 ကျောင်းသား မောင်ဖွဲ့လျှံထက်အား မောင်ဖွဲ့လျှံသုတ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မိခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အ.ထ.က(ခွဲ)၊ သနပ်ကွင်းကျောင်း Grade -9 တွင် ပညာသင်ကြားနေသော မမြနှင်းဇော်၏ မိခင်အမည်မှန်မှာ ဒေါ်မိုးစန္ဒာဦး [၇/ဒဥန(နိုင်) ၁၄၉၂၀၂] ဖြစ်ပါကြောင်း။

**ဒေါ်မိုးစန္ဒာဦး**
**[၇/ဒဥန (နိုင်) ၁၄၉၂၀၂]**

## မိခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အ.ထ.က(ခွဲ)၊ သနပ်ကွင်းကျောင်း Grade -7 တွင် ပညာသင်ကြားနေသော မဖွန့်မြတ်မိုး၏ မိခင်အမည်မှန်မှာ ဒေါ်နွယ် [၇/ဒဥန (နိုင်) ၀၉၅၇၂၈] ဖြစ်ပါကြောင်း။

**ဒေါ်နွယ်**
**[၇/ဒဥန (နိုင်) ၀၉၅၇၂၈]**

## မိခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အ.ထ.က(ခွဲ)၊ သနပ်ကွင်းကျောင်း Grade -7 တွင် ပညာသင်ကြားနေသော မဆုရတီဖြိုး၏ မိခင် အမည်မှန်မှာ ဒေါ်တင်နွယ်ဝင်း [၇/ဒဥန (နိုင်) ၂၃၇၃၅၂] ဖြစ်ပါကြောင်း။

**ဒေါ်တင်နွယ်ဝင်း**
**[၇/ဒဥန (နိုင်) ၂၃၇၃၅၂]**

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
**09-43088052**
**09-260660405**
**09-421067330**


ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ်၊ ဧပြီလမှ ၂၀၂၇ ခုနှစ်၊ မတ်လအထိ ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူဝယ်ယူမည့် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာ (၁၇)မျိုး၊ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာ(၁၅)မျိုး၊ ရုံးသုံးစက်ပစ္စည်း ကိရိယာ(၅)မျိုး၊ ရုံးသုံးပရိဘောဂပစ္စည်း (၈)မျိုး၊ ငွေလုံးငွေရင်း(အခြား) အသုံးစရိတ်ခွင့်ပြုငွေဖြင့် ဝယ်ယူမည့် ဓာတ်ခွဲခန်း လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး၊ ကျွဲ၊ နွား ခွာနာလျှာနာရောဂါကာကွယ်ဆေး (FMD Trivalent) (၁)မျိုး (ဆေးအဆ-၂၃၅၉၀၀) နှင့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုးတို့အား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဒုတိယအကြိမ် ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် (၁၀-၈-၂၀၂၆) ရက်မှစ၍ (ရုံးပိတ်ရက်များမပါ) ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး (၂၁-၈-၂၀၂၆) ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကို အချိန်မီ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၈၁၇၇ နှင့် ၀၉-၇၇၃၄၇၇၈၈၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ အကွက်အမှတ် (၆A)၊ အင်းလပ်အနောက်၊ ဦးပိုင်အမှတ် (၄၀က)၊ ဧရိယာ(၀.၁၈၄)ဧကအနက်မှ ဧရိယာ(၀.၁၇၂)ဧကရှိဘိုးဘပိုင်မြေနေရာအား ဒေါ်ကြည်ကြည်သန်းအမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း ကြံခင်းမြို့နယ်မြေစာရင်းဦးစီးဌာနသို့ ကျိုးကြောင်းဖော်ပြချက်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကြံခင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ ကြံခင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ အကွက်အမှတ် (၂B)၊ ထန်းတောကွင်း၊ ဦးပိုင်အမှတ်- ၆၃က၊ စုစုပေါင်းဧရိယာ (၄.၉၄)ဧကအနက်မှ (၀.၀၅၃)ဧကရှိ ဘိုးဘပိုင်မြေနေရာအား ဦးသန်းထွန်းဦး၊ ဒေါ်သန်းသန်းဌေး အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကြံခင်းမြို့နယ် မြေစာရင်းဦးစီးဌာနသို့ ကျိုးကြောင်းဖော်ပြချက်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကြံခင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ ကြံခင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ အကွက်အမှတ်(၅ခ)၊ အင်းလပ်အရှေ့(ခ)၊ ဦးပိုင်အမှတ် (၁၄၅)၊ ဧရိယာ (၀.၁၁၅)ဧကအနက်မှ ဧရိယာ (၀.၀၄၆)ဧကရှိ ဘိုးဘပိုင်မြေနေရာအား ဦးဝင်းဌေး+ဒေါ်စန်းရင် အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကြံခင်းမြို့နယ် မြေစာရင်းဦးစီးဌာနသို့ ကျိုးကြောင်းဖော်ပြချက်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကြံခင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ ကြံခင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဆဒ္ဒံဒူးဝါးလမ်း၊ မြေကွက်အမှတ် (၈၆၅)၊ ဧရိယာအကျယ် (၄၀x၆၀) ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဒေါ်ကင်းဟုန် (ISN- ၂၀၈၁၃၃) အမည်ပေါက် မှတ်သားတည်ရှိပြီး အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ (ရေ၊ မီးစုံ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျင်ဝှက်နှင့် ၎င်း၏ဇနီးဖြစ်သူတို့ ကွယ်လွန်သဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဒေါ်ခိုင်မွန်၊ ဦးခိုင်လင်း၊ ဦးသိန်းထိုက်အောင်တို့မှ အဆိုပါအိမ်ခြံမြေကွက်အား မိမိတို့သာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ မိမိတို့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့စ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဌေးဌေးအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၆၃၇၅)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။**
**၀၉- ၄၃၀၉၈၇၈၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်- မ-၃၃၊ ဦးပိုင်အမှတ်- ၄၇၊ ၄၁x၄၂ ကြား၊ ၅၅x၅၆ လမ်းကြားရှိ ဗိုလ်မှူးပေါ်ခန့် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၂၇၀/၂၀၀၇)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်ညွန့်(ခ) ညိုညိုခင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၄၂၅၂/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်ကိုကို [၈/ပခက(နိုင်)၁၄၇၃၅၈]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၇၇/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ညိုမာ [၉/မကန(နိုင်)၀၇၃၈၄၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဗိုလ်လောင်းလျှောက်လွှာများ
# အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ပုသိမ်မြေ(၈)လမ်း၊ တိုက်အမှတ်(၁၆၃)၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား ဟုခေါ်တွင်သည့် အလျား(၂၅)ပေxအနံ(၅၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆) ထပ်တိုက်အဆောက်အဦ၏ အလျား(၁၂½)ပေxအနံ(၅၀)ပေ အကျယ်အဝန်းရှိ တတိယထပ်၊ ၄လွှာ(ဘီ)၊ တိုက်၏မျက်နှာချင်းဆိုင်မှကြည့်လျှင် ညာဘက်ခြမ်း (ခြေရင်းခန်း)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာ ဦးရဲမင်းအောင်ထံမှ ဦးဝေယံဦး [၈/မဘန(နိုင်)၁၂၄၇၁၀]သည် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး အရှုပ်အရှင်းကင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ၁။ ဒေါ်သက်သက်ခိုင် [၆/ရဖန(နိုင်) ၀၁၄၉၄၃] ၂။ ဦးအောင်ဇင်ဟိန်း [၁၃/ကတန(နိုင်)၁၇၇၇၇၇] ၃။ ဒေါ်မေဖြိုးဦး [၁၄/အမတ(နိုင်)၀၄၇၅၃၃]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အိသွယ်ငြိမ်း(LL.B)** | **ဒေါ်ဖြူဖြူလှိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၁၃၁၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၇၀၆၁)** |

**အမှတ်(၅၁)၊ ဒုတိယထပ်(ဘယ်)၊ ၃၈လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၃၅၃၃၉၉၄၊ ၀၉-၇၇၄၇၈၈၆၁၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ Time Square အိမ်ရာ၊ တိုက်(A-2)၊ အခန်း(၂၀၁)၏ အမည်ပေါက် ဒေါ်ခင်လေးဝင်း [၁၃/တကန(နိုင်)၀၁၄၉၂၈]ထံမှ ဒေါ်ဝါဝင်းကြိုင် [၁၂/ဒဂန(နိုင်)၀၂၆၇၅၆]+ ဒေါ်မြင့်မြင့်သိန်း [၁၂/ဒဂန(နိုင်)၀၂၆၇၆၂]တို့က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှု အပေါ်ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက် အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## အမည်မှန်

ဦးလှထွန်းခိုင်၏ သမီး မဝါဝါဆန်း [၁၁/ဘသတ(နိုင်) ၀၁၇၇၈၃]၏ အမည်မှန်မှာ **ဝါဝါဆန်း (ခ) ကြည်ကြည်ဝင်း** ဖြစ်ပါကြောင်း။

**ဝါဝါဆန်း (ခ) ကြည်ကြည်ဝင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ္ဌ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၃၈)၊ ဦးပိုင်အမှတ်(၆၂)၊ ၄၉x၅၀ကြား၊ ၁၂၄x၁၂၅လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးငြိမ်းချမ်းထွန်းထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၆၆/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးနှင်းဖြူ [၅/ကသန (နိုင်)၀၀၅၅၃၀]က အမှုတွဲ အမှတ်(၁၇၁၂/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁)၊ ဦးပိုင်အမှတ်(၆၁)၊ ၆၇x၆၈ကြား၊ ၁၃၉x၁၄၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ရွှေ၏ (SP ရရှိသူ ဦးစောငွေးဝင်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၄၀၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရီရီလွင် [၉/ စကတ (နိုင်) ၁၂၃၄၄၀]က အမှုတွဲအမှတ်(၁၇၁၁/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၈)၊ ဦးပိုင်အမှတ်(၂၇)ခဲစင်း၊ ၃၉x၄၀ကြား၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သွယ်သွယ်လှိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၃၃၀၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြိုးကြည်သာ [၈/ ပခက(နိုင်)၂၆၀၀၈၅]က အမှုတွဲအမှတ် (၁၆၉၉/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများ၊ မှတ် ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ကျောင်းတော်ရာလမ်း၊ တိုက်အမှတ်-၂၊ (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ မြေညီ-ဘီ၊ ခြေရင်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်တင်တင်နီ [၁၂/ဒပန(နိုင်)၀၁၃၀၉၃]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်စုဝေ [၁၂/သဃက(နိုင်)၁၈၄၅၄၇]က ဝယ်ယူရန် သဘောတူ လက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်စုဝေ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို[B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းစင်တာအိမ်ရာ၊ အခန်း အမှတ်(၃၀၃)၊ ကွန်ဒိုတိုက်ခန်းနှင့်ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ အဆောက်အအုံနေထိုင်ခွင့်စာချုပ်အရ ဒေါ်ရီရီဝေ [၁၂/ဗဟန(နိုင်)၀၄၆၂၄၅] ကိုင်ဆောင်သူအမည်ပေါက်ထံမှ (၁-၁-၂၀၁၀)ရက်နေ့ တိုက်ခန်းအရောင်းအဝယ် သဘောတူစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရရှိထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ခင်သီတာ[၁၂/ဗဟန(နိုင်)၀၄၇၃၆၃] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်သည့်အတွက် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေပြည့်စုံ (ခ) ဒေါ်ပွင့် (LLB, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၉၃)**
**အမှတ်-၅၅၊ အခန်း(၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၂၅၇၉၅၊ ၀၉-၇၆၅၀၅၃၄၂၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက် အမှတ်(မ-၄၈)၊ ဦးပိုင်အမှတ်(၂၇)ခဲစင်း၊ ၃၉x၄၀ကြား၊ ၅၅x၅၆လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်သွယ်သွယ်လှိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၃၃၀၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ဇော်ထက် [၈/ပခက (နိုင်) ၁၆၂၄၇၇]က အမှုတွဲအမှတ်(၁၆၉၈/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၈၄၇)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးတင်ရွှေ[၁၂/မရက (နိုင်)၀၅၀၃၂၆]အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နှင်းနှင်းဌေး[၉/မဟမ(နိုင်)၀၀၆၃၀၅]ထံမှကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မျိုးအောင်(LL.B,D.I.L)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ် - ၁၁၄၆၂)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သစ္စာ(၆)လမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်- ၁၅၃၊ မြေကွက်အမှတ်-၃၂၃၀၊ အလျား(၄၀)ပေxအနံ(၆၀)ပေရှိ ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်အုန်းဆွေ (ZGN - ၀၀၅၄၇၄)မှ ပါမစ်ဖြင့် အမည်ပေါက်ပြီး ဦးစိုးနေဟိန်း [၁၀/ခဆန(နိုင်)၀၉၆၀၅၂] သည် အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားပြီး အရှုပ်အရှင်းကင်းစွာ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်သူရိန်ဦး [၁၂/မရက(နိုင်)၁၄၄၇၂၅]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အိသွယ်ငြိမ်း(LL.B)** | **ဒေါ်ဖြူဖြူလှိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၁၃၁၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၇၀၆၁)** |

**အမှတ် (၅၁)၊ ဒုတိယထပ်(ဘယ်)၊ ၃၈ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၃၅၃၃၉၉၄ ၊ ၀၉- ၇၇၄၇၈၈၆၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ Grand Golden View အိမ်ရာ၊ တိုက်အမှတ်(Tower-2)၊ အခန်း(9E1)၏ မူလအမည်ပေါက် Dagon Internation Ltd; ထံမှ ဦးသန်းထိုက်(ခ)နေဝင်းမောင် [၉/ကပတ(နိုင်) ၁၄၀၀၂၈] က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်ကြောင်း ကြော်ငြာထည့်သွင်းခြင်း
## ပြန်လည်ကန့်ကွက်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ တာကလေးရပ်၊ နတ်မော်လမ်း (နတ်မောက်လမ်းမဟုတ်) (နတ်မော်လမ်းအမှန်)ဟုခေါ်တွင်သော အလျား(၃၆) ပေ၊ အနံ(၁၀၀)ပေနှင့် ဒေါ်ခင်ဝင်းကြည်အမည်ပါ ရွာပိုင်မြေနှင့်ပတ်သက်သော လူနေအိမ်နှင့် စာရွက်စာတမ်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံး တို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်ခင်ဝင်းကြည် [၁၀/ဟသတ (နိုင်) ၀၅၅၉၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်နွယ်နီလှိုင် [၁၄/ဝခမ(နိုင်) ၃၅၉၅၅၀] အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်မြင်သည့်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်ဟု (၇-၈-၂၀၂၆)နေ့စွဲ ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)ပါ ဦးခင်မောင်တင် LLB တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၆၄) အမှတ်(၁၆၀/ခ)၊ ရွှေဝါထွန်း(၁)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာအနောက်ပိုင်း မြို့နယ်နေ၏ သတင်းစာကြော်ငြာအရ ဤကန့်ကွက်စာထည့်သွင်းပြန်ကြား အပ်ပါသည်။

ထိုခြံကွက်သည် ဟင်္သာတမြို့နယ်၊ နတ်မော်လမ်း၊ အိမ်အမှတ်(၄)ဟု ပေါ်လွင်သော ခြံကွက်ဖြစ်ပြီး ကျွန်တော်တို့မိသားစု၏ လူကြီးမိဘများဖြစ်သော (ဦးစံညွန့်၊ ဒေါ်ပု၊ ဦးဘညို၊ ဒေါ်မြသန်း၊ ဒေါ်ရီ)တို့ပိုင် ခြံကွက်ဖြစ်ပါသည်။ [ဒေါ်ရီသည် ဦးကျော်သိန်း၏ ဇနီးဖြစ်ပြီး သားဖြစ်သူ ကိုကျော်ကျော်ဝင်း၏ မိခင် ဖြစ်ပါသည်။ ထိုအိမ်ရာခြံမြေကွက်သည် ဦးစံညွန့်ပါ(၅) အမည်ပေါက် အိမ်ရာ ခြံမြေကွက်ဖြစ်ပါသည်] ဟင်္သာတမြို့ မြို့နယ်မြေစာရင်းနှင့် စာရင်းအင်းဦးစီး ဌာနတွင်မြေပုံမြေညွှန်း စာချုပ်စာတမ်းများ၊ စာအုပ်စာတမ်း အတွဲလိုက်ရှိနေပါ သည်။ ယခုရောင်းမည်ဆိုသူ ဒေါ်ခင်ဝင်းကြည်နှင့် လုံးဝမဆိုင်ပါ။ မပိုင်ပါ။ ၎င်းအမည်နှင့် မြေပုံမြေညွှန်း စာချုပ်စာတမ်းတစ်စုံတစ်ရာမှမရှိပါ။ ကျွန်တော်တို့ ကာသည့်ခြံကို ကျူးကျော်ဖျက်ဆီး နေထိုင်ခဲ့သူဖြစ်ပါသည်။ ရောင်းမည်ဟု ဆိုင်းဘုတ်ကပ်ထား၍ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံး ဟင်္သာတမြို့နှင့် ဟင်္သာတခရိုင်မြေစာရင်းနှင့် စာရင်းအင်းဦးစီးဌာနများသို့ ကန့်ကွက်ကြောင်း စာများပို့ထားပါသည်။ ခြံမြေကွက်ကိုရောင်းလျှင် အပိုင်မြေပုံရှိရာ မြို့နယ်နှင့် ရောင်းသူကလည်း ပိုင်ဆိုင်ကြောင်း အထောက်အထားပြသ၍သော်လည်းကောင်း၊ ဝယ်မည့်သူကိုယ်တိုင်ကလည်း ရောင်းသူပိုင်ဆိုင်ကြောင်း ကျေနပ်မှုရှိမှသာ ဝယ်ယူရန်လိုအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ မပိုင်သူကရောင်း၍ ထိုအခြေအနေ အတိုင်း ဝယ်သူကဝယ်လျှင် နှစ်ဦးစလုံးသည် ဥပဒေနှင့်မညီသောလုပ်ရပ် ကျူးလွန်သူဖြစ်ပါသည်။ ထိုအတိုင်း တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်တင်၏ (၇-၈-၂၀၂၆)နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)ပါကြော်ငြာအပေါ် ကန့်ကွက် ပါသည်။

| | |
|---|---|
| **ဦးကျော်သိန်း** | **ကိုကျော်ကျော်ဝင်း** |
| **[၁၄/ဟသတ(နိုင်) ၀၅၃၀၈၇]** | **[၁၄/ဟသတ(နိုင်) ၂၂၀၈၅၂]** |
| **အထက်တန်းရှေ့နေ (စဉ်-၉၁၄၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၀၆၇၈)** |
| **၀၉-၄၂၂၅၅၁၃၀** | **၀၉-၇၉၄၃၈၇၁၃၃** |

**နေရပ်လိပ်စာ- အမှတ်(၄၅၉)၊ ဇေယျာဝတီလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဟင်္သာတမြို့**

## ပြည်ပမှကုန်ပစ္စည်းများကိုခွင့်ပြုချက်မရမီ ဆိပ်ကမ်းလေဆိပ်သို့တင်သွင်းလာသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများအား အရေးယူနိုင်ရေးစီမံခန့်ခွဲရေးအဖွဲ့ လေလံတင်ထုခွဲရောင်းချရေးလုပ်ငန်းအဖွဲ့

### လေလံကြော်ငြာ

၁။ AWPT ဆိပ်ကမ်းတွင် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခဲ့သော ကုန်သေတ္တာ (၂)လုံးအတွင်းရှိ ကုန်ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၂၀-၈-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံပုံစံနှင့် လေလံစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၁၄-၈-၂၀၂၆ ရက်နေ့မှ ၁၈-၈-၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း) ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင် လာရောက်မေးမြန်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးလုပ်ငန်းအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ယောမင်းကြီးရပ်ကွက်၊ နဂဒေးလမ်း၊ အမှတ်(၂၅)၊ (အရှေ့ဘက် တိုက်)၊ တိုက် -(A)၊ နှစ်ခန်းတွဲ (၆)ထပ်တိုက်မှ (၆-လွှာ)၊ အခန်းအမှတ် (6 B)၊ (ယာဘက်ခန်း)၊ အလျားxအနံxအမြင့် (၂၃ပေx ၆၇ပေx ၉ပေ)၊ ရေမော်တာ၊ လျှပ်စစ်ကိုယ်ပိုင်မီတာ၊ လေအေးပေးစက်တို့ ပါဝင်သော ပြင်ဆင်ပြီး တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက်ပိုင်ရှင် ဒေါ်ကြင်မေနှင့် (Naing group) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ သဘောတူညီ၍ ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ထားသောတိုက်ဖြစ်ပြီး (Naing group) ကုမ္ပဏီလီမိတက်ထံမှ အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ တိုက်ခန်းပိုင်ရှင် ဒေါ်ခင်မာဦး [၁၂/လမတ(နိုင်) ၀၂၀၃၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွတ်သ်မေရီ [၁၂/ဒဂန(နိုင်)၀၂၇၄၄၁]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ထားခြင်းဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လွတ်သ်မေရီ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နုနုလွင် (LL.B) အထက်တန်းရှေ့နေ (စဉ် -၂၃၅၇၄)**
**09-984912636/ 09-740870704**
**အမှတ်- ၁၄၊ မြေညီ၊ မန္တလေးလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၀၀) ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၃ ½)ထပ်တိုက်၏ မှန်ခန်း (ခြေရင်းခန်း)၊ (အလျား ၁၂ ½ x အနံ ၅၀)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဇေယျာဝင်း [၁၂/ကမရ(နိုင်)၀၆၁၉၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရာဇာဦး [၈/မကန(နိုင်)၂၄၃၀၈၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား( မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၅၆

| | | |
|---|---|---|
| ဒေါ်အေးအေးရွှေ | နှင့် | ၁။ ဦးသိန်းဟန် |
| (ကွယ်လွန်သူ | | ၂။ ဦးအောင်လွင် |
| ဦးအောင်ကြီးမြင့်၏ | | ၃။ ဦးသိန်းအောင် |
| တရားဝင်ဇနီး) | | (၁၊ ၃ တို့၏အခွင့်ရကိုယ်စားလှယ် ဦးတော်တော်ညီ) |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်စွဲပါ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၈၈/၂၀၂၅ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ချင်းတွင်းလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ ပင်လုံထိပ်ထားကွန်ဒိုအိမ်ရာ၊ အခန်း- ၁၀၆ နေ အယူခံတရားပြိုင် (၁) ဦးသိန်းဟန်၊ (၂) ဦးအောင်လွင်၊ (၃) ဦးသိန်းအောင် (၁၊ ၃ တရားပြိုင်တို့၏ အခွင့်ရကိုယ်စားလှယ် ဦးတော်တော်ညီ) (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

ယခုအမှုတွင် မရမ်းကုန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မိုးသင်းအောင် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ငပကျေးရွာ၊

(၁) မိဘရိပ်သောက်ရေသန့်
(၂) Golden Brother Water
(၃) Royal Fountain Water
(၄) Aquafina Water
(၅) Polar Water

အမည်များအသုံးပြုလျက် ရေသန့်လုပ်ငန်းအား ဥပဒေနှင့်အညီ မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါ၍ အထက်အမည်အသုံးပြုထားသော လုပ်ငန်းတူရှိပါက အထောက်အထားအပြည့်အစုံဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးမြင့်**
**[၁၂/တမန (နိုင်) ၀၈၆၃၈၉]**
**09-43175168**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၉၁)၊ (၄၉)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်နေသူ ဦးစိုင်းသောင်းညွန့် မှတ်ပုံတင်အမှတ် [၁၃/လလန(နိုင်) ၀၃၅၅၄၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးမိုဟာမက်အီစမိုင် (ကွယ်လွန်)၏ မှတ်ပုံတင်စာချုပ်အမှတ်- ၆၉၄/၁၉၃၅ နှင့် ၈၇၃/၁၉၅၀ တို့အရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ မြေးမြစ်များထံမှ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/အေ)၊ (ကံ/ဘဲ)၊ မြေကွက်အမှတ်(၈)၊ မြေဧရိယာ (၁၀.၅၇၅)ဧက မြေကွက်အား စာချုပ်အဆက်ဆက်ဖြင့် ကျွန်ုပ်၏အမှုသည် ဦးစိုင်းသောင်းညွန့်မှ ဝယ်ယူထားပြီး စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာရယူပြီး တရားဝင်စီမံခန့်ခွဲ၍ ဆောင်ရွက်နေသော ပိုင်ရှင်ဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်အား တချို့သော မသမာသူများက စာရွက်စာတမ်းများ အတုအပပြုလုပ်၍ လိုက်လံရောင်းချနေကြောင်း ကြားသိရသဖြင့် ရပ်တန်းက မရပ်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ထက်အောင် (LL.B, DML, DIPL, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၂၁၅)**
**အမှတ်(၃၃/၄၉)၊ ပထမထပ် အခန်းအမှတ်(၃၃) (STRAND CONDO)**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ သာလွန်လမ်း၊ မြေကွက်အမှတ်(၃၉၆) ဟုခေါ်တွင်သော မြေအကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) (၂၄၀၀) စတုရန်းပေရှိသည့် ဒေါ်မြစော အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် မြေကွက်အမှတ်(၃၉၆) (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မူလအမည်ပေါက် ဒေါ်မြစောထံမှ အရောင်းအဝယ်အရပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အင်မွန် [၆/ကစန (နိုင်) ၀၄၈၃၇၃]က မိမိကသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုရည်မွန် [၁၂/ဥကမ(နိုင်) ၂၁၈၇၉၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

